မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီး

ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စောင့်ထိန်းကာကွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကယားပြည်နယ်အတွင်း ကြည့်ရှုစစ်ဆေး

ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင် ဆရာ ဆရာမများက တပည့်များ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး လေ့ကျင့်သင်ကြားပေး

လူတိုင်းရောဂါကင်းပြီး ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့နေနိုင်ရေး ကျန်းမာရေးဝန်ထမ်းများ ကျေးလက်အထိဆင်းပြီး ကျန်းမာရေးအသိပညာပေးရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လွိုင်ကော်မြို့ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာလာရာ နံနက် ၈ နာရီ ၃၅မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရှားတောမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်)

ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ထိန်း အမျိုးသားရေးရည်မှန်းချက်ပန်းတိုင် ပေါ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်း

ယနေ့ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့သည် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်ကို ပြန်ပြောင်းဆန်းစစ်ပါက ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ပြည်တွင်းပြည်ပရန်စွယ်များကို စုစည်းညီညွတ်စွာ လက်တွဲတွန်းလှန်နိုင်ခဲ့ကြပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်များသည် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးသို့ ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့၏ သြဇာခံနိုင်ငံဖြစ်လာရန် ဖိအားပေးအကျပ်ကိုင်ခြင်း စသည့် နည်းမျိုးစုံတို့အပြင် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးသည့် အခြားသော ကိုလိုနီလက်သစ် နည်းစနစ်များကိုလည်း အသုံးပြုလျက်ရှိသည်။

ဤသို့ နိုင်ငံအချုပ်အခြာအာဏာကို ကျူးကျော်ထိပါးရန် ကြိုးပမ်းလျက်ရှိသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူအပေါင်းက အထူးသတိမူ၍ စည်းလုံးညီညွတ်သောအင်အားဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်းလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးစီမံကိန်းကြီး (၃)ရပ်ဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်လျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ဝိုင်းဝန်းဖော်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲ ကျောက်တံခါးမြို့ အားကစားကွင်း၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးကျော်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ရန်ကုန်မြို့ အလှကုန်ပစ္စည်းစက်ရုံ စက်ရုံမှူး ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စတီးလ်ပစ္စည်း၊ အပ်ချုပ်စက်ခေါင်း၊ စက်ဘီး၊ ဗလာစာအုပ်အမျိုးမျိုးတို့ကို အထူးဈေးနှုန်းချိုသာစွာဖြင့် ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက်အထိ ခုနစ်ရက်တိုင်တိုင် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀	၇။	အမွန်မြတ်ဆုံးလက်ဆောင်
၄:၄၀	၈။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(သင်္ချာ အပိုင်း-ခ)
၅:၁၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၂၁)
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၁)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	ကုန်သွယ်သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၆)

ရတနာပုံမြို့သစ်စီမံကိန်း တည်ဆောက်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၆ ရက်က မန္တလေးတိုင်း ပျော်ဘွယ်မြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး အဝေးဆက်သွယ်မှုလိုင်းများ ပိုမိုကောင်းမွန်စေရေးအတွက် G.S.M စခန်း ဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်းများရောက်ရှိနေမှုနှင့် တာဝါတိုင်တပ်ဆင်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက်က ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်အတူ ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် စီမံကိန်း မြို့သစ်ဧရိယာသို့ရောက်ရှိပြီး မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်နေသည့် သဲရေစစ်ကန်၊ ရေလှောင်ကန် တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားခွဲရုံတို့ကိုလည်းကောင်း၊ ကုမ္ပဏီများက ရတနာပုံမြို့သစ် အိမ်ရာစီမံကိန်းနယ်မြေအတွင်း လမ်းဖောက်လုပ်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၁၃-၂-၂၀၀၉)

၀၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
၀၇:၀၅	တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၀၇:၂၀	(၃၈)ဖြာမင်္ဂလာ
၀၇:၂၅	နံနက်ခင်း တေးပဒေသာ
၀၈:၀၀	စံတော်ချိန် + သတင်း
၀၈:၁၀	နံနက်ခင်း တေးပဒေသာ
၀၈:၃၀	ပြောပါရစေရှင် (လက်ဆောင်)
၀၈:၄၅	တေးပဒေသာ
၀၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	သောတရှင်လိုရာတေး
၁၀:၃၀	သတင်းစာအာဘော်
၁၀:၄၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်း တေးပဒေသာ
၁၁:၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁:၃၅	နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀	စံတော်ချိန်၊ အလုပ်အကိုင် အခွင့်အလမ်း (စီးပွားကူးသန်း) နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ(ပုဂံခေတ်ကဗျာသုံးပုဒ်)
၁၂:၃၀	ဇာတ်လမ်းပမာနားဆင်စရာ (နှစ်ယောက်မရှိဘူး)
၁၂:၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	နေ့လယ်ခင်းသတင်း
၁၃:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး(အောင်မြင်မှု)
၁၆:၃၀	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၁၇:၀၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၂၅	တေးပဒေသာ
၁၇:၃၀	သတင်းစာဆောင်းပါး
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၅	ညချမ်းချိန်ခါ တေးပဒေသာ
၁၉:၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်မချစ်သော နေပြည်တော်မြန်မာ့အသံ) တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ထွန်းထွန်းဝင်း) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀	ဆောင်းပါး (လူနှင့်လောကဓံ) လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၂:၀၀	အစီအစဉ်ပြီး၏။

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ မြို့နယ်အဆင့် စတုတ္ထတန်းဘက်စုံထူးချွန်ပြိုင်ပွဲ လူမှုရေးဘာသာပထမဆုရ မောင်ထက်အာကာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာထွေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၁၀နာရီက အမှတ်(၃၇)ရပ်ကွက် အရဏ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကြီးက စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများနှင့် စာကြည့်တိုက်ကော်မတီဝင်များက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ်၌ စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကွမ်းခြံကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဆောင်ရွက်သော (၂၂)ကြိမ်မြောက် စာဆိုတော်နေ့ဟောပြောပွဲကို အထက(၂)အမျိုးသားကျောင်း မြက်ခင်းပြင်၌ ကျင်းပရာ အမျိုးသားစာဆို ဆရာကြီးမင်းသုဝဏ် ရာပြည့်အကြိုအဖြစ် မြို့ခံစာရေးဆရာ၊ ကဗျာဆရာသုံးဦးက ဆရာကြီး၏ ကဗျာတစ်ပုဒ်စီဖြင့် ရွတ်ဖတ်သီဆို ပူဇော်သည်။

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်-ကွမ်းခြံကုန်း)က အမှာစကားပြောကြားပြီး ဦးတင်မြင့်(မောင်နိဒါန်း)က ဗဟိုမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ သူရဇော်၊ ညွန့်ဟံ(ကြူတော)နှင့် မိချမ်းဝေတို့က စာပေရေးရာများ ဟောပြောကြသည်။

(စာပေနှင့်စာနယ်ဇင်း)

တိုင်းရင်းသားပြည်သူများ၏ ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး

တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

❑ ရှေ့ဖုံးမှ

ကမ္ဘာ့အလယ်ထည်ဝါစွာရပ်တည်

မြန်မာနိုင်ငံသည် ရှည်လျားလှသောသမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်ခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများသည် ဤအမိပြည်ထောင်စုကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြလျက် အချင်းချင်းလက်တွဲကာ တစည်းတလုံးတည်း နေထိုင်ခဲ့ကြပြီး အချုပ်အခြာအာဏာကို ပူးပေါင်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

စွန့်လွှတ်စွန့်စားပေးဆပ်ဝံ့

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို အလေးအနက်ခံယူရန် လိုအပ်ပေသည်။ ထိုခိုင်မာသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကြောင့်ပင် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်လုံး၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် အသက်သွေးချွေးများကို စွန့်လွှတ်စွန့်စား ပေးဆပ်ဝံ့ခဲ့ကြခြင်း ဖြစ်ပေသည်။

အမျိုးသားရေးတာဝန်ဖြစ်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ပြည်တွင်းပြည်ပ ရန်စွယ်အသွယ်သွယ်ကို စုစည်းညီညွတ်စွာ လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စု စိတ်ဓာတ်ဖြင့် စောင့်ထိန်းကာကွယ်ရမည့် တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ပေသည်။

ဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ် စသည့် ဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဆူကြိုးနိမ့်မြင့် ကွာဟမှုနည်းပါးစေရန်နှင့် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် လက်တွေ့ကျကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူတစ်ရပ်လုံး၏တစ်ခဲနက် ထောက်ခံဆန္ဒမဲဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပြီး ဖြစ်ပေသည်။ ထိုသို့ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းတည်ဆောက်ခြင်းနှင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် ခိုင်ခိုင်မာမာ ချမှတ်ထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များဖြစ်သော-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊**
- **တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် ဤပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

ရွှေတောင်မြို့ တောင်လုံးညို-ကသစ်တိုင်း ကျေးရွာချင်းဆက်လမ်းသစ်ဖွင့်

ရွှေတောင် ဖေဖော်ဝါရီ ၁၁

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တောင်လုံးညို-ကသစ်တိုင်း ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်က ကသစ်တိုင်းအုပ်စုရှိ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်၍ မြေနီကျောက်စရစ်လမ်းသစ်ကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွှန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ တောင်လုံးညို-ကသစ်တိုင်းလမ်းသည် အရှည်ပေ ၅၄၀၀၊ အကျယ် ၁၀ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ၆ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာပေါင်း ကိုးရွာသို့ ဆက်သွယ်နိုင်သည့် လမ်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့ သနပ္ပင်ကျေးရွာ စက်ရေတွင်းဖွင့်
ငွေကျပ်သိန်း ၂၀ကျော်ဖြင့် အကုန်အကျခံ ဆောင်ရွက်

သန်လျင် ဖေဖော်ဝါရီ ၁၁

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် သနပ္ပင်ကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါကျေးရွာရှိ စက်ရေတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးခိုင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းကို သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေး ရန်ပုံငွေကျပ် ၂၀ဒသမ၂၃သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးရွာနေအိမ်ထောင်စု ၂၀၀ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကာဇက်စတန်နိုင်ငံမှ နိုင်ငံတကာအာကာသစခန်းသို့ အဗ်-၆၆ ဂြိုဟ်တုလွှတ်တင်လိုက်သည်ကို ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရေး အကူအညီပေးမည်ဟု ပြင်သစ်သမ္မတဆာကိုဇီ ကတိကဝတ်ပြု

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁

ပြင်သစ်သမ္မတနီကိုလပ်စ်ဆာကိုဇီသည် အံ့အားသင့်ဖွယ်ရာ သမိုင်းဝင်ခရီးစဉ်အဖြစ် ရောက်ရှိနေစဉ်အတွင်း စစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသော အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးရန်ကတိကဝတ်ပြုခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပထမဆုံးခရီး

ပြီးခဲ့သည့်ဖေဖော်ဝါရီ ၁၀ရက်က အီရတ်သို့ရောက်ရှိခဲ့သော ခရီးစဉ်သည် ၎င်းနိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ်ကတည်းက ပြင်သစ်အစိုးရ အကြီးအကဲတစ်ဦးအနေဖြင့်သာမက ဥရောပမှ သမ္မတတစ်ဦးအနေဖြင့်ပါ ပထမဦးဆုံး ခရီးစဉ်ဖြစ်သည်။

ထုတ်ဖော်

၎င်းအနေဖြင့် ပြင်သစ်နှင့်အီရတ် စည်းလုံးညီညွတ်မှုရှိသည်ကို ပြသရန်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် အီရတ်ပြည်သူများအတွက် စာနာနားလည်မှုများ ခံစားခဲ့ရပါကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်ထူထောင်တည်ဆောက်ရေးတွင် ပြင်သစ်နိုင်ငံအနေဖြင့် အစမှသည် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိသည့် ဆုံးခန်းတိုင်အောင် အီရတ်နိုင်ငံ၏နံဘေးတွင် မားမားမတ်မတ်ရပ်တည်ကာ လက်တွဲကူညီသွားမည်ဖြစ်ပါကြောင်း သမ္မတ ဆာကိုဇီက အီရတ်သမ္မတတာလာ ဘာနီနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ရုရှားနှင့်အမေရိကန် ဆက်ဆံရေး ပြန်လည်စတင်ရန် ရုရှားနိုင်ငံမှ ကြိုဆိုလျက်ရှိ

မြူးနစ် ဖေဖော်ဝါရီ ၁၁

ရုရှားနိုင်ငံအနေဖြင့် ယခင်စစ်အေးကာလအတွင်းက ပြိုင်ဘက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံကို သမ္မတသစ်ဘားရက်အိုဘားမား တက်ရောက်ပြီးနောက် နှစ်နိုင်ငံအစိုးရ ဆက်ဆံရေး ပြန်လည်စတင်ရန် ကြိုဆိုလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၀ရက်က ပြောကြားသည်။

ပြောကြား

ယင်းနေ့၌ပင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြူးနစ် လုံခြုံရေးညီလာခံ၌ အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်ကရုရှားနှင့် အမေရိကန်နိုင်ငံကြား ဆက်ဆံရေးတင်းမာမှုများ အဆုံးသတ်ချိန် ရောက်ပြီ ဖြစ်ကြောင်း အပြုသဘောဆောင်သည့်ကိစ္စရပ်များကို ပြောကြားသည်။

ဘားရက်အိုဘားမား အုပ်ချုပ်စဉ်ကာလ၌ နှစ်နိုင်ငံ ရင်ကြားစေ့ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို အထူးဆောင်ရွက်လိုကြောင်း ထပ်လောင်း ပြောကြားသည်။ အမ်အင်န်အေ၊ ရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပသည့် ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာပြပွဲကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန်နွိုင်း ဖေဖော်ဝါရီ ၁၁

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ပြည်နယ်ခုနစ်ခု၌ မကြာမီကာလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိရာ ဘဲကောင်ရေ ၂၅၀ နှင့် ငှက်ကောင်ရေ ၁၀၀၀ ခန့်ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျေးလက်ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပျံ့နှံ့လျက်ရှိ

အဓိကအားဖြင့် ၎င်းနိုင်ငံမြောက်ပိုင်း ဘင်နင်ပြည်နယ်မှ H_5N_1 ရောဂါပိုး အများဆုံးဖြစ်ပွားလျက်ရှိကြောင်း မဲခေါင်ရေလက်ကြားဒေသရှိ ပြည်နယ်သုံးခု၌လည်း ကြက်ငှက်တုပ်ကွေးရောဂါပိုးများ ပျံ့နှံ့လျက်ရှိသည်။

သယ်ယူပို့ဆောင်

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် လူများနှင့် ကြက်ငှက်များသို့ ကူးစက်မှုထိန်းချုပ်ရေးအဖြစ် ကြက်ငှက်တိရစ္ဆာန်များ သယ်ယူပို့ဆောင်ရေးကဏ္ဍများ တားဆီးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်၌ ကားဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

မိုလ်ဆူး ဖေဖော်ဝါရီ ၁၁

အီရတ်နိုင်ငံမြောက်ပိုင်း မိုလ်ဆူးမြို့အတွင်း ဖေဖော်ဝါရီ၉ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းအနီး အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် စကားပြန်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အမေရိကန်တပ်ဖွဲ့ဝင်လေးဦးအထိ တစ်နေ့တည်းတိုက်ခိုက်ခံသေဆုံးရခြင်းမှာ ယခုနှစ်အတွင်းတွင် ထိခိုက်ကျဆုံးမှုအများဆုံးနေ့ ဖြစ်သည်။

ဇန်နဝါရီလ တစ်လလုံးအတွင်းတိုက်ပွဲဖြစ်၍ လေးဦးသာသေဆုံးခြင်းကြောင့် အီရတ်သမ္မတဆက်ဒမ်ဟူစိန်အား ဖယ်ရှားရန် ၂၀၀၃ခုနှစ်တွင် အမေရိကန်ဦးဆောင်သည့် တပ်များ ကျူးကျော်ဝင်ရောက်ပြီးနောက် ဇန်နဝါရီလအတွင်း တိုက်ပွဲ၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အနည်းဆုံး လဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံပေကျင်း၌ ယဉ်ကျေးမှုအမွေအနှစ် ပြပွဲကျင်းပ ရိုးရာနှင့် လက်မှုအတတ်ပညာ လက်ရာအမြောက်အမြား ပါဝင်ပြသ

ပေကျင်း ဖေဖော်ဝါရီ ၁၁

တရုတ်နိုင်ငံပေကျင်းမြို့တွင် ဖေဖော်ဝါရီ ၁၀ ရက်က တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ပြသပွဲကြီးတစ်ရပ်ကို စတင်ကျင်းပခဲ့ရာ များပြားလှသည့် ရိုးရာအနုပညာနှင့် လက်မှုအတတ်ပညာလက်ရာများ ပါဝင်ပြသလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယခုပြပွဲကြီးသည် မကာအိုဘာသာရေးဆိုင်ရာ ပန်းပုပညာလက်ရာများကို ပေကျင်းမြို့တွင် ပထမဦးဆုံး ပြသခဲ့သည့် ပြပွဲကြီးလည်းဖြစ်သည်။

မျှော်လင့်ထားခြင်းမရှိ

မိမိအနေဖြင့် မကာအို၏ အထူးလက်မှုအတတ်ပညာ လက်ရာများကို ပေကျင်းမြို့သို့ ယူဆောင်ပြသခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ကြောင်း၊ လူ့အလွှာ အသီးသီးမှ အနုပညာလက်ရာများ၊ လက်မှုအတတ်ပညာလက်ရာများကို ယခုကဲ့သို့ တစ်နေရာတည်းတွင် အမြောက်အမြား တစုတဝေးတည်း တွေ့ရမည်ဟု မည်သည့်အခါကမျှ မျှော်လင့်ထားခြင်းမရှိကြောင်း မကာအိုမှ လက်မှုအနုပညာသည် တီဆန်တကက်ခ်ဟန်ကထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းပြပွဲတွင် နိုင်ငံအဆင့် ပြည်နယ်အဆင့်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရိုးရာအနုပညာနှင့် လက်မှုအတတ်ပညာလက်ရာအမျိုးပေါင်း၁၃၃မျိုး ပါဝင်ပြသထားကြောင်းသိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ကဘူးလ် ဖေဖော်ဝါရီ ၁၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ခို့တ်ပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ၎င်းတို့တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က ထုတ်ဖော် ပြောကြားခဲ့သည်။

သေဆုံးသူ တပ်ဖွဲ့ဝင်နှစ်ဦးသည် မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ယင်းအဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ချေ။ ယင်းဒေသတွင် တာဝန်ထမ်းဆောင်သူအများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။

ဒဏ်ရာရရှိ

ခို့တ်မြို့နှင့် အဓိကအမေရိကန်စစ်အခြေစိုက်စခန်းတို့အကြားရှိ လမ်းမကြီးတစ်ခုပေါ်တွင် နေတိုးစစ်ယာဉ်တန်းကို ရရာဖြင့် ဖြစ်သလို စီမံဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်း ထိမှန်မှုကြောင့် ဖြစ်ပွားခဲ့သော ယင်းဖြစ်ရပ်တွင် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်းလည်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြည်ပမှ တပ်ဖွဲ့ဝင် ၇၀၀၀၀တို့သည် တာလီဘန် စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိသည်။လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ၎င်းတို့၏ တိုက်ခိုက်မှုများကို တဖြည်းဖြည်းအရှိန်မြင့်လာလျက်ရှိသည်။ **(အင်တာနက်)**

ရဟတ်ယာဉ် ပျက်ကျ

ဟန်ဂေရီနိုင်ငံ ဓနူဘီမြစ်အတွင်း ဖေဖော်ဝါရီ ၁၀ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေနံဓာတုစက်ရုံသုံး စက်အရန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချရန် အီရန်အသင့်ရှိနေ

တီဟီရန် ဖေဖော်ဝါရီ ၁၁

ရေနံဓာတုစက်ရုံများတွင် အသုံးပြုမည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ရန် အသင့်ရှိနေပြီဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်ဟု အီရန်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ပေးစွမ်းနိုင်

ကမ္ဘာပေါ်ရှိ ရေနံဓာတုစက်ရုံ အလုပ်ရုံများအတွက် လိုအပ်သည့် ထုတ်လုပ်မှု၊ တပ်ဆင်မှုစသည့် လုပ်ငန်းဆောင်ရွက်မှုများကို အီရန်အနေဖြင့် စွမ်းဆောင်မှု ပေးစွမ်းနိုင်ပြီဖြစ်ကြောင်း အီရန်သမ္မတ၏ ပြောကြားချက်ကို ကိုးကား ဖော်ပြသည်။

လွှတ်တင်နိုင်

အီရန်နိုင်ငံအတွက် ရေနံဓာတုလုပ်ငန်းများမှာ အဓိကဝင်ငွေရရှိရာလုပ်ငန်းများဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၃ ရက်က အီရန်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းလုပ် ဂြိုဟ်တုတစ်စင်း အာကာသအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့်အေးသန္တာသိန်း

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြောက်ဥက္ကလာ အလက(၁) မြတ်ဆရာပူဇော်မည်

အလက(၁)မြောက်ဥက္ကလာပ ယခင် ပွင့်ကောင်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း ၄ဝါခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ဂျပန်စာလေ့လာသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်သော ဂျပန်ပညာရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၂နာရီမှညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဘိုကလေးအသင်း နှစ်ပတ်လည် စည်းဝေးမည်

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဝင်းရှိ ဘိုကလေးမြို့နယ်အသင်း (မွှောရုံ)၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၁၅ရက် နောက်ဆုံးထားပြီး ဖုန်း-၂၁၂၅၀စသို့ ဆက်သွယ် စာရင်းပေးကြရမည်ဖြစ်သည်။

ဗိသုကာပညာရပ် ဟောပြောပွဲ

စက်မှုတက္ကသိုလ် ဗိသုကာဌာနမှူး၊ ပါမောက္ခ(ငြိမ်း) ဆရာဦးမျိုးမြင့်စိန်နှင့် ဗိသုကာကျောင်းသားဟောင်း ကျောင်းသားသစ်များ၏ Quality in Architecture ခေါင်းစဉ်ဖြင့် ဗိသုကာဆိုင်ရာစကားဝိုင်းကို ဖေဖော်ဝါရီ ၁၅ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း (မြေညီထပ်) Seminar Room တွင် ညနေ ၃ နာရီမှ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာစာကျောင်းသားဟောင်းများမြတ်ဆရာပူဇော်ပွဲ

၁၉၆၉-၁၉၇၃ ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၂၃ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီ၌ ကျင်းပမည်ဖြစ်သည်။

အထက(၁)တာမွေ အာစရိယပူဇော်ပွဲ ကျင်းပမည်

တာမွေမြို့နယ် အထက(၁)၌ ၁၉၉၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအင်ဖိုတက်ခ်အိုင်တီပြပွဲနှင့် ဂိမ်းပြိုင်ပွဲ

မြန်မာအင်ဖိုတက်ခ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ခန်းမဆောင်သစ်များ ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ၁၂ရက်မှ ၁၅ရက်အထိ အိုင်တီနည်းပညာပြပွဲနှင့် ဂိမ်းပြိုင်ပွဲကို မြန်မာအင်ဖိုတက်ခ်အတွင်းရှိ တစ်ထပ်ခန်းမဆောင်သစ်တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်စာရင်း ပေးသွင်းရန် ဖုန်း-၆၅၂၂၇၂ သို့ ဆက်သွယ်နိုင်သည်။

တောင်ဥက္ကလာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ မဂ္ဂဇင်းထုတ်ဝေ

တောင်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က တောင်ဥက္ကလာပမြို့ တည်သက် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရွှေရတုအမည်ဖြင့် မဂ္ဂဇင်းထုတ်ဝေဖြန့်ချိလိုက်သည်။ ရွှေရတုမဂ္ဂဇင်းတွင် မြို့စတင်တည်ဆောက်ချိန်မှ နှစ်(၅၀)ပြည့်သည့် ယနေ့ကာလအထိအခြေအနေကို စာရေးဆရာတို့က ရသပုံစံဖြင့် ရေးဖွဲ့ထားသော ဝတ္ထု၊ ကဗျာနှင့် ဆောင်းပါးများပါရှိသည့်အပြင် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ စာရေးဆရာမကြီးခင်ဆွေဦးနှင့် တက္ကသိုလ်မြစိမ်း စသည်တို့ကလည်း ပါဝင်ရေးသားထားကြသည်။

မေဝါးစနူကာပြိုင်ပွဲ ကျင်းပ

ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် မေဝါးစနူကာပြိုင်ပွဲကြီးကို ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ပြိုင်ပွဲများကျင်းပခဲ့ရာ လက်ရွေးစင်ဟောင်းများ အပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ စနူကာ အကျော်အမော် ၄၁ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို ဇော်ထွန်း(မေဝါးကလပ်)၊ ဒုတိယဆုကို ဇော်ဝင်းချို (မေဝါးကလပ်) နှင့် တတိယဆုကို မြန်မာ့လက်ရွေးစင် နေသွေးဦးတို့က ရရှိခဲ့သည်။

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေစာအုပ်ထွက်ရှိ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ပတ်သက်၍ ပြည့်စုံစွာ ဖော်ပြထားပြီး ဒသမအကြိမ် ပြင်ဆင်ဖြည့်စွက်ထားသည့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစာအုပ်ကို တရားရုံးချုပ်ရှေ့နေ ဦးမြစိန်က ရေးသားပြီး ဂုဏ်ထူးစာပေမှ ထုတ်ဝေထားသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

လားရှိုးမြို့နယ် နွေစပါး ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက လားရှိုးတပ်နယ် ဟင်းသီးဟင်းရွက်နှင့် ပန်းစိုက်ခင်းသို့ရောက်ရှိပြီး ရေမွှေးလီလီ၊ ထယ်ဖောက်လီလီ၊ တရုတ်ဒေလီပန်းများနှင့် ကြက်သွန်နီစိုက်ပျိုးထားမှု၊ နွားချေးမြေဩဇာ အာဟာရဖျော်ရည်နှင့် တီကောင်စွန့်ပစ်မြေဩဇာအရည် ပြုလုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လားရှိုးတပ်နယ် ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံသို့ရောက်ရှိကာ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်လုပ်ကိုင်လျက်ရှိသည့် ငါးမွေးမြူရေးကန်၊ တီကောင်မွေးမြူရေးကန်၊ ဝက်မွေးမြူရေးခြံ၊ ကောက်ရိုးမှိုမွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ကြက်သွန်ဖြူစိုက်ခင်းနှင့် သဘာဝစွန့်ပစ်ပစ္စည်းအသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ခင်းကျင်းပြသထား

ထိုမှတစ်ဆင့် လားရှိုးမြို့နယ်ရှိ ဒေါ်ရန်ကျောင်း စိုက်ပျိုးရေးခြံ၌ မုန်လာဆီသန့်များ၊ ဆီမုန်လာပင် နမူနာများနှင့် ဆီမုန်လာမျိုးစေ့နမူနာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါး ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲအဖြစ် တောင်သူဒေါ်ရန်ကျောင်း၏လယ်မြေ၌ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

တာဝန်ယူတည်ဆောက်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ထားသည့် ကောက်ကွေ့ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအနီးရှိ ငွေရည်ပုလဲကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်၌ ကြံများချနေမှု၊ သကြားရရှိသည်အထိ အဆင့်ဆင့် ထုတ်လုပ်နေမှု၊ သကြားများထည့်သွင်းထုပ်ပိုးမှုနှင့် သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လူငယ်တို့၏ အနာဂတ်အတွက် Star Resources ၏ပညာရေးအခွင့်အလမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်တွင်းဟိုတယ်များတွင်သာမက နိုင်ငံတကာဟိုတယ်များတွင်ပါ တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်မီသည့် လူငယ်များကို မွေးထုတ်ပေးလျက်ရှိသော Star Resources မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး အင်္ဂလန်ရှိ London Hotel School နှင့်ပူးပေါင်း၍ လန်ဒန်မြို့ပေါ်တွင် ဟိုတယ်ဝန်ဆောင်မှုနှင့် အုပ်ချုပ်မှု ပညာရပ်ဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာတန်းကို တက်ရောက်နိုင်ရန်အတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အသက်မွေးဝမ်းကျောင်း ပညာရပ်မျိုးစုံနှင့် အလုပ်အကိုင် အခွင့်အလမ်းမျိုးစုံ ဖန်တီးပေးနိုင်သော ဟိုတယ်လုပ်ငန်းတွင် လူငယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို လေ့လာဆည်းပူးပြီးသက်ဆိုင်ရာ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခွင့်ရှိသည်။

ကျင်းပမည်

Star Resources က ကြီးမှူးသော ပညာရေးဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ လည်းကောင်း၊ ဖေဖော်ဝါရီ၂၃ ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ Sedona Hotel ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဟောပြောမည်

Hotel Management; A World of International Work Opportunities ခေါင်းစဉ်ဖြင့် ဟောပြောခြင်းကို London Hotel School College ကျောင်းအုပ်ကြီး Mr. Roderick Hordingham ကဆွေးနွေးဟောပြောမည်ဖြစ်သည်။

Star Resources သည် London Hotel School College ကို ရွေးချယ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာ ခရီးသွားများ၊စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူများကို အထူးဆွဲဆောင်မှုရှိသော လန်ဒန်မြို့ပေါ်ရှိ 5 Star Hotels ကြီးများတွင် လုပ်ငန်းအတွေ့အကြုံရရှိနိုင်ခြင်း၊ ကျောင်းလခများကို အရစ်ကျပေးသွင်းခွင့်၊ ပထမစာသင်နှစ်တွင် တရားဝင် အချိန်ပိုင်းအလုပ်လုပ်ကိုင်ရင်း ပညာရပ်ကိုအထောက်အကူပြုမည့် လုပ်ငန်းခွင် အတွေ့အကြုံကို ရရှိနိုင်ခြင်း၊ ဝင်ငွေရရှိခြင်းကြောင့် ကုန်ကျစရိတ်များကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်း၊ ဒုတိယနှစ်တွင် အချိန်ပြည့် (လစာပြည့်)အလုပ်သင် အတွေ့အကြုံရရှိနိုင်ခြင်းကြောင့် စာသင်စရိတ်အားလုံးကို ပြန်လည်အထောက်အကူပြုနိုင်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု HND Diploma in Hospitality Management (UK)ကိုရရှိပြီး အလုပ်လုပ်ခွင့်(Work Permit) ငါးနှစ်အထိရရှိနိုင်ခြင်း၊ Diploma ရပြီးပါက တစ်နှစ်ထပ်ဆောင်းသင်ယူရုံဖြင့် B.A(Hons)(Hospitality Management-UK) ဘွဲ့ကို ရရှိနိုင်ခြင်းစသောအခွင့်အလမ်းများကြောင့်ဖြစ်သည်။

ခံစားခွင့်ရရှိ

ကျောင်းသားများသည် College က စီစဉ်ပေးသော အဆောင်တွင်နေထိုင်နိုင်ခြင်း၊ မိမိရွေးချယ်သောအခန်း သို့မဟုတ် အဆောင်များတွင် ငှားရမ်းနေထိုင်နိုင်ခြင်း၊ Family Stayခေါ် မိသားစုများနှင့်အတူ သွားရောက်နေထိုင်ခြင်းစသည့်နှစ်သက်ရာ အစီအစဉ်ကို ရွေးချယ်နိုင်ခြင်း၊ အင်္ဂလန်နိုင်ငံ၏ National Health Service (N.H.S)မှ အခမဲ့ဆေးကုသခွင့်နှင့်အတူ နိုင်ငံတကာ ကျောင်းသားတို့၏ ရပိုင်ခွင့်အရပ်ရပ်ကို ခံစားခွင့်ရရှိနိုင်ခြင်းများရှိကြောင်း သိရသည်။

အဆိုပါ College သို့ တက်ရောက်လိုသောလူငယ်များအနေဖြင့် မိမိတို့ တက်ရောက်လိုသည့်အပတ်စဉ်(Intake)မတိုင်မီ နှစ်လခန့်ကြိုတင်အချိန်ယူရုံဖြင့် ကျောင်းလျှောက်ထားခြင်းကိစ္စနှင့်(Visa)လျှောက်ထားခြင်းကိစ္စများ၊ ကျောင်းလခများ ငွေလွှဲခြင်းကိစ္စများကို ကြန့်ကြာမှုမရှိဘဲ အပြီးအစီး ဆောင်ရွက်နိုင်သည်။

တက်ရောက်နိုင်

ပညာရေး ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် ရန်ကုန်မြို့ရှိ Star Resources Training သင်တန်းရှိ ဖုန်း-၅၀၀၀၁၂၊၅၃၈၀၆၂နှင့် ၄၄၁၂၂၅၆ တို့သို့ ကြိုတင်ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပြီး အခမဲ့တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်အတွင်း ဗီဒီယိုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျိုက်ထို ဖေဖော်ဝါရီ ၁၁

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး၊မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်လမြိုင်လုပ်ငန်းစုရုံးဌာနခွဲမှူး ဦးစိုးမင်းအောင်နှင့် ကျိုက်ထိုမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ခင်စောလင်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်အောင်၊ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၅ရက်မှ ၂၆ရက်အထိ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးရင်ပြင် တစ်လျှောက်နှင့် ကျိုက်ထိုမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များအား အခွန်အခများ မှန်ကန်ပြည့်ဝစွာပေးသွင်းရေး၊ ဗီဒီယိုလုပ်ငန်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ရေးတို့ကို ပညာပေး ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

လိုင်စင်များထုတ်ပေး

ယင်းနောက် မြို့နယ်ဗီဒီယိုလုပ်ငန်းရှင် ၇၅ဦးတို့အား ဗီဒီယိုပြသခွင့် လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပြီး အခွန်ငွေကျပ်၁၀ သိန်းကျော် ရရှိခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကရင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံအတွက် ထောက်ပံ့ငွေများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံရှိ ကလေးဆေးရုံ သုံးထပ် တိုးချဲ့ လူနာဆောင် ဆောက်လုပ်နေမှုကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် မုတ္တမမြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖား ထုတ်လုပ်ရေးစက်ရုံ (မုတ္တမ)၌ ကွန်ကရစ်ဇလီဖား ထုတ်လုပ်နေမှုနှင့် သံလမ်းထိန်း ကလစ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မော်လမြိုင်မြို့ရှိ ဟိုးလ်ဒင်းစ်လီမိတက် ငါး၊ ပုစွန်အအေးခန်းစက်ရုံ၌ ငါး၊ ပုစွန်များအား ကုန်ချောရွေးချယ်ခြင်း၊ စစ်ဆေးခြင်း၊ ထုပ်ပိုးခြင်း၊ အအေးခန်း အတွင်း သိုလှောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာအနီးရှိ ထုံးအိုင်(၂) လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မြစ်ရေတင်စက်များမှ မြစ်ရေတင်နေမှု၊ မြစ်ရေတင်စီမံကိန်း ဧရိယာအတွင်း နွေစပါးထွန်ယက်စိုက်ပျိုးနေမှု၊ နွေစပါးမြေဩဇာကြဲပက်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာပေးဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနည်းပညာများ၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ဆေးဖျန်းရာတွင် အသုံးပြုရမည့် အကာအကွယ်ပစ္စည်းများနှင့် ဆေးဖျန်းကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဘားအံမြို့နယ် ထုံးအိုင် စံပြကျေးရွာရှိ တောင်သူ ဦးမင်းဆန်းဦး၏ ဆီထွက်သီးနှံ မြေပဲစိုက်ခင်းကိုလည်းကောင်း၊ ဘားအံမြို့နယ် မိန်းမလှကျွန်း ကျေးရွာရှိ တောင်သူ ဦးမျိုးထွန်း၏ ဂေါ်ဖီထုပ်စိုက်ခင်းနှင့် စားဖိုဆောင်သီးနှံ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မိန်းမလှကျွန်းကျေးရွာ၌ တောင်သူများ စိုက်ပျိုးထုတ်လုပ်ထားသည့် စားဖိုဆောင်သီးနှံ နမူနာများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ဒေသကြီးတစ်ခုလုံး အရှိန်အဟုန်မြှင့်ဖွံ့ဖြိုး တိုးတက်နေမှုကို ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားကာ ကျေးရွာအတွက် ဓာတ်မြေဩဇာများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဒေသမှ စိုက်ပျိုးထွက်ရှိသည့် သီးနှံထွက်ကုန်များအား သံလွင်မြစ်ကြောင်းမှ စက်လှေများဖြင့် အခြားဒေသများသို့ တင်ပို့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းများ

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘားအံနှင့် ထုံးအိုင်ကားလမ်း တစ်လျှောက် လမ်းဘေး ဝဲယာရှိ ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးရွာများ၊ ဖြစ်ထွန်းအောင်မြင်နေသည့် ပဲစိုက်ခင်းများ၊ စားဖိုဆောင်သီးနှံ စိုက်ခင်းများ၊ ဆီထွက်သီးနှံ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့နယ် ကော့လိုက်ကျေးရွာရှိ တောင်သူ ဦးပေါ်လာစိုက်ပျိုးထားသည့် ဆီထွက်သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားဖိုဆောင်သီးနှံများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဘားအံမြို့နယ် မိန်းမလှကျွန်း ကျေးရွာ၌ တောင်သူများ စိုက်ပျိုးထုတ်လုပ်ထားသည့် စားဖိုဆောင်သီးနှံနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်တန်းအထက(၁) မှော်ဝန်းရတနာခန်းမသစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ပညာရေးမှူးဒေါ်သန်းဝင်းအား ခန်းမသစ်ဆောက်လုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မိဘဆရာအသင်းနာယကဦးချစ်ရွှေက ခန်းမသစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။ (၁၁၅)

ဖေဖော်ဝါရီ ၅ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို တာမွေကလေးရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ စခန်းမှူး ဦးအောင်လင်းဦးက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။ (၁၇၁)

ဈေးမီးဘေးကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်

ကလေး ဖေဖော်ဝါရီ ၁၁

ကလေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နှစ်ပတ်လျှင် တစ်ကြိမ် လက်တွေ့ မီးငြိမ်းသတ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ရက်က မြို့မဈေးကြီးတွင် ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးငွေးဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (ဈေး) ဦးဇော်ဇော်ထွန်းတို့ ဦးဆောင်သည့် မီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်၊ စည်ပင်ဝန်ထမ်းနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၆၀ ပါဝင်၍ မီးသတ်ယာဉ်များဖြင့် လက်တွေ့ မီးငြိမ်းသတ် ဓာတ်တိုက် လေ့ကျင့်နေမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်တို့က ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ ၁၈ရက်က လှိုင်မြို့နယ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အခမ်းအနားတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက်ပထမဆုရ မစန္ဒီပြည့်ဝန်းကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်မော်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မှုခင်းသတင်း ရန်ကင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် နှစ်လောင်းပြိုင်လူသတ်မှု ကျူးလွန်သူတရားခံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်အောင်လမ်းသွယ်အတွင်း ဖြစ်ပွားခဲ့သော နှစ်လောင်းပြိုင် လူသတ်မှုကျူးလွန်ခဲ့သည့် တရားခံနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်တကွ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဖေဖော်ဝါရီ ၄ရက်တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ၂၇ရက် နံနက် ၈နာရီက မခိုင်ဆက်ဆက် တိုက်(၂၅၃) အခန်း(၈) ပထမထပ် ရန်အောင်လမ်းသွယ် ၂ရပ်ကွက် ရန်ကင်းမြို့နယ်နေသူသည် ယုဇနဆောက်လုပ်ရေးကုမ္ပဏီသို့ အလုပ်လုပ်ရန်သွားခဲ့ကြောင်း၊ နေအိမ်တွင် မိခင် ဒေါ်နီနီ အသက်(၇၀)နှင့် တူဖြစ်သူ မောင်မောင်သီဟ ကိုးနှစ်တို့ ကျန်ရစ်ခဲ့ကြောင်း၊ ည ၈နာရီတွင် နေအိမ်တိုက်ခန်းသို့ပြန်ရောက်၍ တံခါးခေါက်ရာ ဖွင့်မပေးသဖြင့် ဘေးအိမ်ရှိ ဦးစောကျော်ဝင်းထံမှ သော့ပိတောင်းပြီး နေအိမ်သို့ဝင်ရောက်ခဲ့ရာ မိခင်ဖြစ်သူ ဒေါ်နီနီမှာ ရေချိုးခန်း အဝအိမ်သာရှေ့တွင် ဝမ်းဗိုက်နှင့်လည်ပင်းတို့၌ ချွန်ထက် ထိုးသွင်းဒဏ်ရာများဖြင့် လည်းကောင်း၊ တူဖြစ်သူ မောင်မောင်သီဟမှာ အိပ်ခန်းခုတင်ပေါ်၌ ခြေလက်များ ကြိုးတုပ်၍ ဦးခေါင်းတွင် ဖူးရောင်ဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း၊ ရွှေလက်ဝတ်ရတနာပစ္စည်း ခုနစ်မျိုး တန်ဖိုးငွေကျပ် ၂၄သိန်းခန့်မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိသဖြင့် ရန်ကင်းရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

တရားခံ ဖိုးကျော်(ခ)မင်းသိန်း

တရားခံ ဇာခြည်ဦး(ခ)သက်မွန်ဦး

ဖမ်းဆီးရမိ

တရားခံနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ဖိုးကျော်(ခ)မင်းသိန်းနှင့် ၎င်း၏ ဇနီးဖြစ်သူဇာခြည်ဦး(ခ)သက်မွန်ဦး အမှတ် (၆၈)ဦးဥတ္တမလမ်း သီတာပန်းခြံ ရွှေပြည်သာမြို့နယ်နေသူတို့နှစ်ဦးအား ဖေဖော်ဝါရီ ၄ရက် နံနက်၈နာရီခွဲက ဝါးခယ်မမြို့နယ် ကကလကျေးရွာနေ ဦးစန်းယု-ဒေါ်လှဲ့လှဲ့ခိုင် (ဇာခြည်ဦး (ခ) သက်မွန်ဦး၏ အစ်မဝမ်းကွဲ) နေအိမ်မှ ဖမ်းဆီးရမိခဲ့သည်။

ပြန်လည်သိမ်းဆည်းနိုင်

ဖိုးကျော်(ခ)မင်းသိန်းနှင့် ဇာခြည်ဦး(ခ)သက်မွန်ဦးတို့အား စစ်မေးရာ ယခင်သိကျွမ်းရင်းနှီးခဲ့သော ဒေါ်နီနီအခန်းသို့ သွားရောက်၍ ဝင်ရောက် လုယက်စဉ် ဒေါ်နီနီက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းမည်ပြုသဖြင့် ဖိုးကျော်(ခ)မင်းသိန်းမှ စားပွဲပေါ်တွင် တွေ့သည့် ကတ်ကြေးကိုယူကာ ထိုးသတ်ခဲ့ကြောင်း၊ မောင်မောင်သီဟမှာ ဖိုးကျော်(ခ)မင်းသိန်းကိုမှတ်မိသဖြင့် ငရုတ်ကျည်ပွေ့ဖြင့်နားထင်အားထုကာသတ်ခဲ့ကြောင်းဝန်ခံထွက်ဆိုပြီး ၎င်းတို့ထံမှ အခင်းဖြစ်စဉ် ရယူသွားသော ပစ္စည်းအားလုံးကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

အမှုဖွင့်အရေးယူ

ပြစ်မှုကျူးလွန်သူ ဖိုးကျော်(ခ) မင်းသိန်းနှင့် ဇာခြည်ဦး(ခ)သက်မွန်ဦး တို့အား ရန်ကင်းရဲစခန်းမှ (ပ)၂၂/၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂/၃၉၄ ဖြင့် အမှုဖွင့်အရေးယူ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲကုန်းမြို့နယ်၌ ဒို့ကျေးရွာ စာကြည့်တိုက်ဖွင့်

သဲကုန်း ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ရွာမအုပ်စု ချင်းကုန်းကျေးရွာ ဒို့ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သောင်းနှင့် မြို့နယ်ဦးစီးမှူး ဦးစောမျိုးချစ်က အလှူငွေကျပ်ငါးထောင် ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ၊ ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလားတူ ချောင်းကန်ကြီးအုပ်စု ချောင်းကန်ကြီးကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယင်းနေ့ညနေပိုင်းက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ

ချင်းပြည်နယ် ဖလမ်းမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ချင်းပြည်နယ် ဖလမ်းမြို့မှ သူနာပြုသင်တန်းကျောင်း။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း

ချင်းပြည်နယ် ဖလမ်းမြို့ရှိ ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းများ တည်ဆောက်ထားသည့် ကုန်းမြေကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၂၀၇၉၅၇	၃၁၂၈၃၂	၁၀၄၈၇၅
၂။	ဆည်တမံ	ခု	၁၆	၃၇	၂၁
၃။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၆၀၅	၆၄၅·၁၀	၄၀·၁၀
၄။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၃၅၅·၂၀	၁၃၅၅·၂၀
၅။	ကားလမ်း	မိုင်	၆၉၅	၁၀၉၄·၃	၃၉၉·၃
၆။	ပေ ၁၈၀အထက်တံတား	စင်း	၂	၅	၃
၇။	စာတိုက်စခန်း	ခု	၂၉	၄၈	၁၉
၈။	ကြေးနန်းရုံး	ရုံး	၁၁	၂၄	၁၃
၉။	တယ်လီဖုန်းရုံး	ရုံး	၈	၂၉	၂၁
၁၀။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၅	၅
၁၁။	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၄	၁၀	၆
၁၂။	ပုဂ္ဂလိကစက်ရုံ	ရုံ	၃၄၃	၅၂၆	၁၈၃
၁၃။	အခြေခံပညာကျောင်း	ကျောင်း	၁၀၉၀	၁၁၇၇	၈၇
၁၄။	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၅။	ဆေးရုံ	ရုံ	၁၈	၂၄	၆



(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

မံဆောင်းတံတား

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ် ရေကန်လမ်းပေါ်ရှိ မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည်ပေ ၄၆၀ရှိ မံဆောင်းတံတားသည် တိုင်းရင်းသားပြည်သူများ ကူးသန်းသွားလာရေးကို အထောက်အကူပြုလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆိုခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လွိုင်ကော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အားပေးစကား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဘောလခဲခရိုင် မယ်စဲ့မြို့သို့ ရောက်ရှိကြရာ မယ်စဲ့မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကယားပြည်နယ်အတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှု၊ တံတားများ တည်ဆောက်ပေးထားမှု၊ နမ့်ဟူးကျေးရွာ မီးလင်းရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မယ်စဲ့မြို့နယ်အတွက် ဆေးဝါးများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များနှင့် ဂျာနယ်များကို မြို့နယ်ဆရာဝန် ဒေါက်တာခိုင်တာရာစိန်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးဖုန်းဝယ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသောင်းအေးတို့အား ပေးအပ်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မယ်စဲ့မြို့သန့်ရှင်းသာယာ လှပရေး ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီးဦးစိန်မြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့်သူများအားတွေ့ဆုံ၍ ထူးချွန်ထက်မြက်သည့် လူရည်ချွန် လူရည်မွန်များဖြစ်ရေးကြိုးပမ်းကြရန် အားပေးစကားပြောကြားသည်။

ဆက်လက်၍ Computer Room အတွင်း ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ကွင်းဆင်းပညာပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မယ်စဲ့မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး မြို့နယ်ဆရာဝန်ဒေါက်တာခိုင်တာရာစိန်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများသည် ဆေးရုံတွင် ဆေးကုသပေးခြင်းဖြင့် မလုံလောက်ဘဲ ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်၍ ကျန်းမာရေးအသိပညာပေးရန်နှင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးနည်းပညာများ သင်ကြားပေးရေးတို့ကိုပါ ဆောင်ရွက်သွားရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးကာ ဆေးပဒေသာပင် အလှူငွေများကို မြို့နယ်ဆရာဝန်ထံ ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဖားဆောင်းမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အေးချို့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖားဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဦးစောရှုမူအေးလာ၊ ကျောင်းအုပ်ဆရာကြီး ဦးတင့်မျိုးအောင်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နှစ်ထပ်ကျောင်းဆောင်ရှိ Computer Skills Room ကို ရှင်းလင်းပြသကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ ဖားဆောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတော့ရယ်က မိုးစပါး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် အဓိကသီးနှံ(၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်မှု၊ ပညာရေးနှင့် ကျန်းမာရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကိုရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမှာစကားပြောကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးဝါးများနှင့်ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်ဆရာဝန် ဒေါက်တာသန္တာအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးစောရှုမူအေးလာတို့အားပေးအပ်ပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်ဆေးရုံအတွက် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာများအား ကြည့်ရှုအားပေးကာ ဆေးဝါးစရိတ်ထောက်ပံ့ငွေများကို ပေးအပ်ပြီး လူနာများအား မိမိတို့မိသားစုသဖွယ် စေတနာထား ပြုစုကုသစောင့်ရှောက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖားဆောင်းမြို့၏ သန့်ရှင်းသာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လွိုင်ကော်မြို့မှ ဘောလခဲခရိုင် ဘောလခဲမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အေးချို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ ဘောလခဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံလှိုင်က မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မိသားစုတိုင်း ဝင်ငွေတိုးတက်စေရန် စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်သည့် ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးဝါးများနှင့် ကျောင်းသုံးပစ္စည်းများကို မြို့နယ်ဆရာဝန် ဒေါက်တာကြည်ကြည်စိမ်းနှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းညွန့်တို့အား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာရေး ဦးစီးအရာရှိ ဦးရဲဝင်းက လက်ခံသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောလခဲမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာကြည်ကြည်စိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ဆေးပဒေသာပင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ဆေးပဒေသာပင်အလှူငွေများကိုပေးအပ်ကာ နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆေးရုံအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘောလခဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရီအင်ဂျလာနှင့် ဆရာ ဆရာမများအားတွေ့ဆုံ အားပေးစကားပြောကြားကာ ကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပတ္တမြားဆောင်ရှိ Language Lab အတွင်း ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် သင်ကြား/သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဘောလခဲမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လွိုင်ကော်ခရိုင် ဖရူဆိုမြို့သို့ရောက်ရှိကြပြီး ကြိုဆိုနှုတ်ဆက်ကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကယားတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖရူဆိုမြို့

ယင်းနောက် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့နယ်အတွက် ဆေးဝါးများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်ဆရာဝန် ဒေါက်တာအောင်သီနှင့် မြို့နယ်ပညာရေးမှူး ဦးအိုက်ဇက်တို့အား ပေးအပ်သည်။

သင်္ကန်းများလှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာရေးဦးစီးအရာရှိ ဦးကံလှိုင်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုမေနှင့် ဆရာ ဆရာမများအား လိုအပ်သည်များကို မှာကြားသည်။

ဒီးမော့ဆိုမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်သို့ ရောက်ရှိကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒီးမော့ဆိုခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ဒီးမော့ဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုးက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကျောင်းသုံးပစ္စည်းများပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့နယ်အတွက် ဆေးဝါးများနှင့် ကျောင်းသုံးပစ္စည်းများကို မြို့နယ်ဆရာဝန် ဒေါက်တာစန်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေဝင်းတို့အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်ဆရာဝန်နှင့် ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒီးမော့ဆိုမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒီးမော့ဆိုမြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှားတောမြို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လွိုင်ကော်မြို့မှ လွိုင်ကော်ခရိုင် ရှားတောမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်စုပေါင်းရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ ရှားတောမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းက ဒေသ၏အချက်အလက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းသုံးပစ္စည်းများ ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ ကျောင်းသုံးပစ္စည်းများကို ပေးအပ်စဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဆေးဝါးများနှင့် ဆေးပဒေသာပင်အလှူငွေများ၊ ကျောင်းသုံးကိရိယာများကို ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှားတောမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ မြို့နယ်ဆရာဝန် ဒေါက်တာသဇင်ထွေးနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ခွဲစိတ်ခန်းနှင့်ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှားတောမြို့မှ ဆက်လက်ထွက်ခွာလာရာ လွိုင်ကော်မြို့သို့ ရောက်ရှိကြပြီး လွိုင်ကော်မြို့မှ တစ်ဆင့် အထူးလေယာဉ်ဖြင့် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။

အားသွန်ခွန်စိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းပေးပြီး ကယားပြည်နယ်သည် မြန်မာနိုင်ငံ ပြည်တွင်းပိုင်းနှင့် အလှမ်းမဝေးသော်လည်း မြင့်မားသည့်တောင်တန်းများ ပိုင်းခြားထားခြင်းကြောင့် လည်းကောင်း၊ ကိုလိုနီတို့၏ ပြည်နယ်၊ ပြည်မ ခွဲခြားအုပ်ချုပ်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း လူမျိုးစွဲဒေသစွဲများဖြစ်ကာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် ဒေသဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့်အခြေအနေ၊ အမြင်မှန်မရသေးသည့် အဖွဲ့ငယ်အချို့မှလွဲ၍ အားလုံးနီးပါးဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ တိုင်းပြည်အကျိုး၊ ဒေသအကျိုးသယ်ပိုးဆောင်ရွက်နေသည့် အခြေအနေ၊ ကယားပြည်နယ် တည်ငြိမ်မှု၊ လုံခြုံမှုရှိလာသည်နှင့်အမျှ တပ်မတော်အစိုးရက အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ မိသားစုတိုင်းဝင်ငွေတိုးတက်စေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်သည့် ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးဆောင်ရွက်နိုင်သည့်အခြေအနေ၊ ဝန်ထမ်းများသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင်ရေး၊ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများသည် ကိုယ်တိုင်တတ်ကျွမ်းနေရန် အမြဲလေ့လာရေးနှင့် မိမိတို့၏ တပည့်များ ပညာတတ်များဖြစ်ရန် သင်ကြားပေးသကဲ့သို့ စည်းကမ်းလိုက်နာသူများ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူရေးကို ကျောင်းနေစဉ် ကတည်းက လေ့ကျင့်သင်ကြားပေးရေး၊ နိုင်ငံတော်၏ကျန်းမာရေးရည်မှန်းချက်ဖြစ်သည့် လူတိုင်းရောဂါကင်းစင်ပြီး ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့နေနိုင်ရန် ကျန်းမာရေးဝန်ထမ်းများသည် ကျေးလက်များအထိဆင်းပြီး ကျန်းမာရေးအသိပညာပေးရေးနှင့် ရောဂါကာကွယ်တားဆီးရေး၊ နည်းလမ်းများသင်ကြားပေးရေး၊ ကယားပြည်နယ်သည် တိုင်းရင်းသားများစုပေါင်းနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ ပြည်ထောင်စုကြီး၏အကျိုးကို ဝိုင်းဝန်းထမ်းဆောင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူပြီး ဦးထမ်း၊ ပွဲထမ်းဆောင်ရွက်သွားကြရေးတို့ကို အသေးစိတ်ရှင်းလင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော်အဆင့်မြင့် ဂေါက်ကွင်းတည်ဆောက်ရေး ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် နေပြည်တော်အဆင့်မြင့်ဂေါက်ကွင်းတည်ဆောက်ရေး ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က Royal Myanmar Golf Range ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က Royal Myanmar Golf Range ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Royal Myanmar Golf Range အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် အဆင့်မြင့်ဂေါက်ကွင်းတည်ဆောက်ရေးဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ခိုင်က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က Royal Myanmar Golf Range ကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက Royal Myanmar Golf Range ကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြသည်။

နေပြည်တော်အဆင့်မြင့်ဂေါက်ကွင်းတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သော ယနေ့ဖွင့်လှစ်သည့် Royal Myanmar Golf Range လေ့ကျင့်ရေးကွင်းသည် ၇၂ဦး တစ်ပြိုင်တည်းလေ့ကျင့်ကစားနိုင်သော နှစ်ထပ်အဆောက်အအုံဖြစ်ပြီး Practice Putting Green ပါရှိသည်။

နိုင်ငံတကာအဆင့်မီ

အဆိုပါ နေပြည်တော်အဆင့်မြင့်ဂေါက်ကွင်းသည် ဧက ၈၀၀ ကျယ်ဝန်းပြီး Club House အဆောက်အအုံနှင့် ၃၆ ကျင်းရိုက်ကစားနိုင်သော နိုင်ငံတကာအဆင့်မီဂေါက်ကွင်းတစ်ခုအဖြစ် ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ **Royal Myanmar Golf Range** ကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

အကြံပြုလွှာများအတွက် လက်ဆောင် ချီးမြှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်များအပေါ် ပရိသတ်အကြံပြုလွှာများနှင့်ပတ်သက်၍ အကြံပြုလွှာစုစုပေါင်း ၁၄၁၂ စောင် လက်ခံရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ အကြံပြုလွှာများအနက် ပြည့်စုံစွာ ဖော်ပြထည့်သွင်းပေးပို့ခဲ့သည့် အကြံပြုလွှာ ၁၅၃စောင်ကို ဖေဖော်ဝါရီ၁၅ရက်တွင် ကံစမ်းမဲဖွင့်၍ ကံထူးသူ၁၀ဦးအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်မည့် Family Box နှင့် ခြောက်လအခမဲ့ကြည့်ရှုခွင့်တို့ကို လက်ဆောင်ချီးမြှင့်မည် ဖြစ်ကြောင်းနှင့် ဆုမဲပေါက်သူများကို ဆက်သွယ်ကြေညာပေးမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှသတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ Info Myanmar Computer Service & Training Centre ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဖေဖော်ဝါရီ ၁၄ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ချစ်ဦးညိုက ၂၁ ရာစု မြန်မာ့လူ့အဖွဲ့အစည်း (21 Century Myanma Society) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ဘူးရွက်မညှိုးကျေးရွာနှင့် မောင်ရင်ကံကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းများ ပြုပြင်ရန်အတွက် အလှူငွေငါးသိန်းစီ ပေးအပ်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဝန်ကြီးများ ရခိုင်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ၇ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ အပေါက်ဝကျေးရွာသို့ရောက်ရှိကြပြီး အပေါက်ဝကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဥက္ကံချောင်းကျေးရွာ၊ ပြိန်းချောင်းကျေးရွာ၊ ကာဒီကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာ၊ သင်္ဂနက်ကျေးရွာ၊ ကြာညိုပြင်ကျေးရွာ၊ ဦးစွန်းတောင်ကျေးရွာများမှ ကျေးရွာလူထုနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက အပေါက်ဝကျေးရွာအုပ်စုရှိ ကျေးရွာစာသင်ကျောင်းများ ပြုပြင်ရန်အတွက် ဘိလပ်မြေအိတ်၂၂၀နှင့် သွပ်အချပ်၂၂၀ တို့ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျောင်းသုံး ဗလာစာအုပ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာ၊ စာစောင်များကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြပြီး တိုင်းမှူးနှင့်ဝန်ကြီးများသည် ကျေးရွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ အလျားပေ ၁၂၀ ကျောက်စီမြေထိန်းနံရံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ညနေပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြောက်ဦးမြို့ ကွင်းပြင်၌ ဝေသာလီကျေးရွာအုပ်စုမှပီပင်ရင်းကျေးရွာ၊ လက္ကာကျေးရွာ၊ ထမ္မရာဇ်ကျေးရွာ၊ ဘူးရွက်မညှိုးကျေးရွာများမှ ကျေးရွာလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက ကျောင်းများပြုပြင်ရန်နှင့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွပ်အချပ်၆၀၊ ဘိလပ်မြေအိတ်၆၀၊ ဘူးရွက်မညှိုးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် မောင်ရင်ကံကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ငွေကျပ်ငါးသိန်းစီကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ဆေးပစ္စည်း၊ အဝတ်အထည်များ၊ ကျေးရွာစာကြည့်တိုက်များ အတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များနှင့် အုပ်ဖိုကန်ကျေးရွာနှင့် ထမ္မရာဇ်ကျေးရွာများအတွက် ရေကောင်းရေသန့် လုံလောက်စွာရရှိနိုင်ရေးအတွက် ရေကန်များ ပြုပြင်ရန် ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်

- ရေတစ်စက်တည်း သွယ်စီးသွန်းလောင်း မြစ်ချောင်းမဖြစ်။
- မြေတစ်မှုန့်တည်း ဖန်တီးဖော်ဆောင် တောတောင်မဖြစ်။
- လူတစ်မျိုးတည်း ဖွဲ့စည်းပုံပြု ပြည်ထောင်စုမဖြစ်။
- ရေစက်များမှ မြစ်များဖြစ်လာ မြေမှုန့်များမှ တောင်များဖြစ်လာ ဥပမာလျှင် နှိုင်းတုယှဉ်ရင်း ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မခြား မွန်၊ ဗမာ၊ တူပါ ရခိုင် ပေါင်းစည်းခိုင်ဘိ၊ လုံခြုံဘိသည့် ဒို့၏စံပြု ပြည်ထောင်စုလျှင် ရာစုထောင်ချီ....
အစွန့်ရှည်ကြာ တည်ပါစေသတည်း။ ။
အစွန့်ရှည်စွာ စည်ပါစေသတည်း။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုလျက်-

ကိုချိုစံ

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်) မီးဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောပွဲနှင့်သရုပ်ပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီခွဲက စက်ရုံရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်ရုံမှူး ဦးဝင်းကိုကိုက အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလွင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောပို့ချသည်။

ဆက်လက်၍ စားသောက်ဆိုင်ရှေ့ စက်ရုံခန်းမအပြင်တွင် မီးသတ်ဆေးဘူးများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြပွဲကို ကျင်းပသည်။ ယင်းနောက် ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အမျိုးသား အမျိုးသမီးဝန်ထမ်းများက မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပါဝင် လေ့ကျင့်ကြသည်။ **(အောက်ပုံ)** **(ဆေးဝါးစက်ရုံ)**

သူနာပြု ခြောက်ခန်းတွဲတိုက်ခန်း အဆောက်အအုံလွှဲပြောင်းပေးအပ်

ပင်လည်ဘူး ဖေဖော်ဝါရီ ၁၀

ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြို့နယ်ဆေးရုံသူနာပြုခြောက်ခန်းတွဲ နေအိမ်တိုက်ခန်း အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၈နာရီက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းအောင်လှိုင်က ပြည်သူ့ဆေးရုံ၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဆေးရုံကြီးကြပ်ရေးကော်မတီ သူနာပြုခြောက်ခန်းတွဲ တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီးသို့ လွှဲပြောင်းပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မလှိုင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က တာဝန်ယူ ဆောင်ရွက်သောရေစင်ဘူတာလမ်း ကတ္တရာလမ်း ပေါက်ဖာထေးခြင်းလုပ်ငန်းကိုအမှုဆောင်အရာရှိ ဦးရဲနိုင်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေလွင်ကရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကလေးဝ မြို့နယ်စည်ပင် မြို့ပတ်လမ်း ကတ္တရာခင်း

ကလေးဝ ဖေဖော်ဝါရီ ၁၁

ကလေးဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မြို့ပြလမ်းဖြစ်သော မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေး ဇန်နဝါရီ ၁၉ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ခင်က ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၄၅ ၁။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇း၄၅ ၂။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၀၀ ၃။ **စည်းလုံးခြင်းရဲ့အရသာ** ကိုကိုလင်းမောင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၈း၃၀ ၄။ International News
၈း၄၅ ၂။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စုနေ့ဂုဏ်ပြု (ဒုံမင်းဆန်းတင့်၏ ဒုံမင်းလက်သံ)
၄း၃၀ ၄။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၄း၅၅ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်) [အပိုင်း-ခ]
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅း၄၀ ၉။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၅၀ ၁၀။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (စစ်မှန်သောမျိုးချစ်စိတ်ဓာတ်)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၂၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၆း၅၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **ဦးစိုက်နောက်ပြန်** (အပိုင်း-၃) စိုးရန်အောင်၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အောင်ကျော်သူရ)
၇း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၅၁)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း** (မြန်မာ့ရုပ်မြင်သံကြားမှ ဝန်ထမ်းများ) [ဒါရိုက်တာ-မျိုးအေး]

ထမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မီးသတ်ဦးစီးဌာန၏ ထမနဲထိုး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ ဌာနခွဲ၊ ဌာနစုများနှင့် ရန်ကုန်တိုင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ထမနဲထိုးယှဉ်ပြိုင်ကြပြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းအားပေးခဲ့ကြသည်။

ထမနဲထိုး ယှဉ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း(ခ)အသင်း၊ ဒုတိယဆုရရှိသော စခန်းရုံးအသင်းနှင့် တတိယဆုရရှိသော ထောက်ပံ့ရေးအသင်းများအား ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်မြမြဝင်းက ဆုငွေများပေးအပ်ချီးမြှင့် ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ဇီးကုန်းမြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်ပေးပို့

သက်ကြီးပူဇော် ကန်တော့ခံနိုင်ရန်အတွက် အသက်(၈၀)နှင့် အထက် အသင်းဝင် သက်ကြီးများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးကျောင်းသားကျောင်းသူများ အမှတ်စာရင်းနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်နောက်ဆုံးထား၍ ဦးအုန်းကျော် ဖုန်း-၀၉-၅၁-၇၁၆၂၂၊ ၅၇၃၀၂၁၊ ဦးသန်းအောင် ဖုန်း-၀၉-၅၁-၁၂၅၃၃၊ ၅၀၇၃၁၁၊ ဦးကျော်ဝင်း ဖုန်း-၂၀၂၀၆၁၊ ၂၀၂၉၉၁၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၁-၇၄၅၅၀၊ ၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဦးရှိန်မင်း ဖုန်း-၆၄၂၈၄၆၊ ဦးမြင့်ဆွေ ဖုန်း-တစ်ဆင့် ၆၄၁၀၈၃၊ ၆၄၂၆၉၃၊ ဦးညွန့်စိန် ဖုန်း-၅၈၄၇၁၅၊ ဒေါ်သန်းအိ ဖုန်း-၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်တူး ဖုန်း-၅၂၄၆၂၉၊ ဒေါ်သန်းသန်းအေး ဖုန်း-၇၂၅၉၈၃၊ ဒေါ်လှမြင့် ဖုန်း-၅၀၄၈၉၅နှင့် ဒေါ်ခင်အေးရီ ဖုန်း-၀၉-၅၁-၂၈၆၄၀ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

တာမွေမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းမှ မြို့နယ်အဆင့် ဘက်စုံထူးချွန်တတိယဆု၊ မြန်မာစာထူးချွန်ပထမဆု၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပန်းချီပိုစတာပြိုင်ပွဲ မြို့နယ်အဆင့် ပထမဆုနှင့် စာပေ၊ ကာယ၊ ပန်းချီ၊ ဂီတထူးချွန်သော ကျောင်းဂုဏ်ဆောင်စံပြ ကျောင်းသား မောင်လွင်မင်းဦး စတုတ္ထတန်း (ခ) အား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ရီရီစိန်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိ စေတီတော် ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများ စတုတ္ထအကြိမ် လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများ စတုတ္ထအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြ သည်။

လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်မြို့နေ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အား အမှူးထား၍ တပ်မတော်(ရေ) အရာရှိ၊ အရာခံ၊ စစ်သည်မိသားစုများက သုံးကျပ်သားရွှေပြား နှစ်ချပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး မိသားစုက တစ်ကျပ်သားရွှေပြား တစ်ချပ်၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးဒေါ်သက်သက်ဆွေ သားသမီးများမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်းတို့အား အမှူးထား၍ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းမိသားစုများက သုံးကျပ်သားရွှေပြား ၁၅ချပ်နှင့် တစ်ကျပ်သားရွှေပြား တစ်ချပ်၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီးတို့အား အမှူးထား၍ ဝန်ကြီးဌာန မိသားစုက သုံးကျပ်သားရွှေပြား ၁၅ချပ်၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်ဇနီး(ဒေါ်အေးကြည်)၊ သားသမီးမြေးမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မြန်မာ့လေကြောင်း ဝန်ထမ်းမိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်နှင့် တစ်ကျပ်သားရွှေပြား တစ်ချပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းမိသားစုနှင့် MITT, MIPL, MIP ဝန်ထမ်းမိသားစုများက သုံးကျပ်သားရွှေပြား နှစ်ချပ်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဌာနအဖွဲ့အစည်းများ၏ ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြား ရှစ်ချပ်နှင့် တစ်ကျပ်သားရွှေပြား တစ်ချပ်၊ ရေကြောင်းပညာသိပ္ပံ ဝန်ထမ်းမိသားစုများက တစ်ကျပ်သားရွှေပြား တစ်ချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေး ဘဏ္ဍာလီမိတက် မိသားစုများက တစ်ကျပ်သား ရွှေပြား ခြောက်ချပ်၊ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုများက သုံးကျပ်သား ရွှေပြား လေးချပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြားသုံးချပ်၊ အကျဉ်းဦးစီးဌာန ဝန်ထမ်း မိသားစုက သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ ဇနီး ဒေါ်အေးအေးမိသားစုနှင့် ဝန်ထမ်းများက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နေပြည်တော်က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု များက တစ်ကျပ်သား ရွှေပြားနှစ်ချပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြား ၁၀ ချပ်၊ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြား ၆၂ ချပ်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဇနီး ဒေါ်စိုးဝတ်ရည် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဇနီး ဒေါ်အမာ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးရန်နိုင်ဦးနှင့် ဇနီး ဒေါ်ရွှေစင်မိသားစု ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးစိုးဝင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)နှင့် ဇနီး ဒေါ်သန်းသန်းအေး မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်မူမူတင် ဆောက်လုပ် ရေးဝန်ကြီးဌာနက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျင်မောင်နှင့် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် ပျဉ်းမနား ရန်အောင် ၂ လမ်းနေ ဒေါ်သိန်းသိန်းချို ကျောင်းအုပ်(ငြိမ်း)၊ သား ဒုတိယဗိုလ်မှူးကြီးတင်ဝင်းနှင့် ဇနီး ဒေါ်ဝါဝါလတ် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဗိုလ်ကြီးထွန်းအောင်ရှိန်(ငြိမ်း) ဆရာမ ဒေါ်သန်းသန်းအေး (၉၉၉ ကလပ်ပလိတ်၊ ဘရိတ်ရှူး) မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ မိုးကြယ်စင်ဆောက်လုပ်ရေး ကုမ္ပဏီက သုံးကျပ်သား ရွှေပြားသုံးချပ်၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ M.P.D ကုမ္ပဏီ ဥတ္တရသီရိမြို့က သုံးကျပ်သား ရွှေပြားငါးချပ်၊ Khin Myaung Nyunt Trading Co., Ltd. Shopping Complex က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီး တင့်အောင်(ငြိမ်း)နှင့် ဇနီး ဒေါ်နုနုရီ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ သံလွင်လမ်းနေ အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဒေါ်အေးမြနွယ်က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ လှိုင်ကော်မြို့ ရှမ်းစုရပ် လောပိတ လမ်းနေ ဦးစိုင်းအောင်ဝင်းနှင့် သုဓမ္မသင်္ဂီ ဒေါ်နန်းငွေရီ မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် ပျဉ်းမနားနေ ဦးကျော်ယုနှင့် ဒေါ်မြင့်မြင့် ရွှေစင်မြင့်ရွှေရတနာရောင်းဝယ်ရေး မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်နှင့် တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ကွယ်လွန်သူများအား အမှူးထား၍ ဒေါ်မြင့်မြင့်ချို ချိုဆန်းစိန်ရွှေရတနာဆိုင်က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဦးထွန်းဦးနှင့် ဇနီး ဒေါ်ဥမ္မာကျော် မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ ဦးထွန်းလွင်နှင့် ဇနီး ဒေါ်သန်းသန်းအေးတို့အား အမှူးထား၍ တပ်ကြပ်ကြီးသူရစိုးနှင့် ဇနီး မယဉ်နွယ်ဝင်းမိသားစုက တစ်ကျပ် သား ရွှေပြားတစ်ချပ်၊ ကွယ်လွန်သူ အဘိုးအဘွားနှင့် မိဘများအား ရည်စူး၍ ဦးခင်မောင်ဦး၊ ဒေါ်အေးအေးဝင်း နေပြည်တော် ပျဉ်းမနားက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် ပျဉ်းမနားနေ ဦးအောင်သန်းနှင့် ဇနီးဒေါ်မာ မာဝင်းတို့က သမီး မမြတ်နိုးချစ် မွေးနေ့အတွက် တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ မိခင်ကြီး သီဟသုဓမ္မသင်္ဂီ ဒေါ်သန်းသန်းအား ရည်စူး၍ နေပြည်တော် ပျဉ်းမနားနေ ကိုစည်သူအောင်နှင့် မမာလာမိသားစု၊ ကိုဝင်းအောင်စိုးနှင့် မသီတာ မြင့်စိုး (သင်္ဂီရွှေရည် ရွှေရတနာဆိုင်)တို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်စီ၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးနိုင်နိုင်ဦးနှင့် ဒေါ်အေးကြူသိန်း မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးလှညွှန့်နှင့် ဒေါ်မြတ်သီတာကို မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်တို့ကို လှူဒါန်းကြရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများက သုံးကျပ်သား ရွှေပြား ငါးချပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း တပ်ဖွဲ့မိသားစုများက သုံးကျပ်သား ရွှေပြားသုံးချပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း တပ်ဖွဲ့မိသားစုများက သုံးကျပ်သား ရွှေပြားလေးချပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့ မိသားစုများက သုံးကျပ်သား ရွှေပြားသုံးချပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီးဒေါ်ခင်သန်းဌေးမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အရာရှိ စစ်သည် မိသားစုများက သုံးကျပ်သား ရွှေပြားနှစ်ချပ် အပါအဝင် မြို့နယ် အသီးသီးမှ စေတနာအလှူရှင် ၃၄ဦးက သုံးကျပ်သား ရွှေပြား ၆၈ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၁၃ချပ်တို့ကို လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် စေတနာ အလှူရှင် ၇၆ဦးက သုံးကျပ်သား ရွှေပြား ၁၉၆ချပ်နှင့် တစ်ကျပ်သား ရွှေပြား၃၅ချပ် တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်ချက်မှာ ရေရရှိရေးဖြစ်သည်။ ရေရရှိရေးအတွက် နိုင်ငံတော်က နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဆည်တမံ ၂၁၈ခုမြောက်အထိ တာဝန်ယူတည်ဆောက် ပေးထားပြီးဖြစ်သည်။

ပိုမိုစိုက်ပျိုးသွားနိုင်

ထိုသို့ တည်ဆောက်ပေးခဲ့သည့်အနက် မုံးရင်ရေလှောင်တမံသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ ၂၀၀၆ ခုနှစ် မေ ၃၁ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မုံးရင်ရေလှောင်တမံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး နမ့်ဆွမ်ချောင်းပေါ်တွင် တည်ရှိသည်။ မုံးရင်ရေလှောင်တမံမှ အဓိကလိုအပ်လျက်ရှိသော ဒေသအတွင်း သောက်သုံးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည့်အပြင် နွေစပါး၊ မိုးစပါးနှင့် ရာသီ သီးနှံများကိုလည်း တစ်နှစ်ပတ်လုံး ပိုမိုစိုက်ပျိုးသွားနိုင်ခဲ့ပေပြီ။

စိုက်ပျိုးရေ ပေးဝေနိုင်ပြီ

မုံးရင်ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၁၁ခုမြောက် ရေလှောင်တမံ ဖြစ်ပြီး တမံအလျားပေ ၁၇၀၀၊ တမံအမြင့်ပေ ၁၀၀၊ ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၂၈၄၂၀ဖြစ်သည်။ မြေသားတမံအမျိုးအစား ဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၆၉၀အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မုံးရင် ရေလှောင်တမံ ဖွင့်လှစ်ခဲ့ခြင်းဖြင့် နမ္မတူမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၆၀၀အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေကို ပေးဝေနိုင်ပြီဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် ကိုးကားတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **ဖောင်ပိတ် အားကစားသတင်း**

ချယ်လ်ဆီးအသင်းနည်းပြ ဂူဟစ်ဒင့်အားယာယီခန့်အပ်

လန်ဒန် ဖေဖော်ဝါရီ ၁၁

မကြာမီက ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သော စကိုလာရီနေရာတွင် ယာယီနည်းပြအဖြစ် ဂူဟစ်ဒင့်အားခန့်အပ်လိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ဖေဖော်ဝါရီ ၁၁ရက်၌ သတင်းထုတ်ပြန် လိုက်သည်။

ယခုနှစ်ဘောလုံးရာသီကုန်အထိ ချယ်လ်ဆီးအသင်း၏ ယာယီနည်းပြအဖြစ် အသက် ၆၂နှစ်အရွယ် ဂူဟစ်ဒင့်အား တာဝန်ပေးပြီးနောက်ပိုင်း ချယ်လ်ဆီးအသင်း ကစားသမားများနှင့် ဂူဟစ်ဒင့်တွေ့ဆုံခဲ့သည်။ အသင်းအောင်မြင်မှုရရှိရန် ကစားသမားများအားလုံး စည်းလုံးညီညွတ်စွာ ကြိုးစားရန်အရေးကြီးကြောင်း ဂူဟစ်ဒင့်က ပြောကြားခဲ့သည်။

တာဝန်ယူခဲ့

ဂူဟစ်ဒင့်သည် ၁၉၈၁ခုနှစ်မှ စတင်ကာ ဒတ်ချ်ကလပ် ဒီဂရာချက်အသင်းတွင် နည်းပြအဖြစ်စတင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့အတူ ပီအက်စ်ဗွီအင်ဒိုဗင်၊ ဗီနာဘာချီ၊ ဗလင်စီယာ ဘောလုံးအသင်း နည်းပြအပြင် တောင်ကိုရီးယားနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ရုရှားအသင်း၌ နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ အခြေခံပညာအထက်တန်း ကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရွှေရတုကျင်းပရေး ကော်မတီက ကျောင်းသား ကျောင်းသူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ငွေကျပ်၃၂သိန်းကျော်အကုန်အကျခံကာ စက်ရေတွင်းအပါ အဝင် ၂၄ပေအမြင့် ဂါလန်၁၅၀၀ဆံ့ RC ကွန်ကရစ်ရေစင်ကြီးကို ၂၀၀၈ ခုနှစ် စက်တင်ဘာလက စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ၁ ရက်တွင်ဖွင့်လှစ်ခဲ့ရာ ဌာနဆိုင်ရာအကြီးအကဲများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် များ၊ NGO အဖွဲ့အစည်းများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌဦးတင်လတ်နှင့် ရွှေရတု ကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းရီ(ငြိမ်း)တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ဒီရွယ် ဂျီးထံ ရွှေရတုကျင်းပရေးကော်မတီမှ RC ကွန်ကရစ်ရေစင်ကြီးနှင့်ပတ်သက် သည်များကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စနူကာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အားကစားဝန်ကြီးဌာနအားကစား နှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် နှင့် International Beverages Trading Co.,Ltd.(IBTC)တို့မှ အဓိကကူညီပံ့ပိုး၍ ပူးပေါင်းကျင်းပ သည့် (Grand Royal Special Reserve) Billards Champi - onship 2009 နှင့် Snooker Championship 2009 ပြိုင်ပွဲများ ကို ဖေဖော်ဝါရီ ၂၅ရက်မှ စတင်၍ ဧပြီ၁၀ရက်အထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မကွေးမြို့များတွင် ကျင်းပမည်ဖြစ်သည်။

ထိုပြိုင်ပွဲများအနက် Snooker လူသစ်တန်းပြိုင်ပွဲများကို မန္တလေးမြို့ ဒိုမိနို ဘိလိယက်စင်တာတွင် ဖေဖော် ဝါရီ၂၅ရက် မှ မတ်၃ရက်အထိလည်း ကောင်း၊ တောင်ကြီးမန်ချက်စတာ ဘိလိယက်စင်တာနှင့် မကွေးမြို့ တိုင်းအားကစားခန်းမတွင် မတ် ၉ရက်မှ ၁၅ရက်အထိလည်းကောင်း၊ ရန်ကုန်မြို့တွင် မတ်၁၈ရက်မှ၂၃ရက် အထိ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ငှင်းပြင်လူသစ်တန်း Snooker Championship 2009 ပြိုင်ပွဲကို မတ် ၂၄ရက်မှ ၂၇ရက်အထိလည်း ကောင်း၊ Snooker Championship 2009 ပြိုင်ပွဲကို မတ်၂၈ ရက် အထိလည်းကောင်း၊Billard Championship 2009 ပြိုင်ပွဲကို ဧပြီ ၃ရက် မှ ၁၀ရက်အထိလည်းကောင်း ရန်ကုန်မြို့ရှိ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ကမာရွတ်မြို့နယ် တွင် ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။ **(အား/ကာ)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား-

500W TV Transmitter 2 Sets

၂။ တင်ဒါပေးသွင်းမှုကို ၂၅-၂-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

(၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့)တွင် ကျရောက်သော ဖေဖေ ဒေါက်တာမျိုးသိမ်း-မေမေ ဒေါက်တာ အေးအေးသော် (ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်) တို့၏ (၂၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သားတို့ သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သလျက်-

သားကြီး - ဗိုလ်ကြီးအောင်စည်သူမျိုး (M.B.,B.S (DSMA)

သမီး - မျိုးမဥ္ဇူအေး B.A (English), Dip,M.S (SIM, Singapore) IADCS (NCC,UK),3rd year (BCIS,NCC) (UK)

သားငယ် - သန့်သူရမျိုး (Thales Security Asia Pte.Ltd.) B.Sc (Hons) CIS (NCC-UK) MSC, (Digital Media NTU, Singapore)။

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်အေးမင်းထွေး ပတ်စပို့စာအုပ်အမှတ် ၈၆၂၁၆၂သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၁၁၅၇၅။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နယ်၊ အင်းတကော်အုပ်စု၊ အမှတ်(၁၁)ရပ်ကွက်၊ တောင်ကြီးကွဲကျေးရွာနေ ဒေါ်သောင်း၏သမီး မငွေးငွေး ၇/ပခန(နိုင်) ၁၈၀၂၆၂သည် မိခင်ကြီးအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ခြိမ်းခြောက်ပြောဆိုပါ၍ ၁၁-၂-၂၀၀၉ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

မိခင်-ဒေါ်သောင်း
၇/ပခန(နိုင်)၀၀၇၃၄၇။

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ
ဒေါက်တာထွန်းဦး-ဒေါက်တာဝင်းဝင်းမြင့်တို့၏သားကြီး
ဗိုလ်အာကာထွန်း (ငြိမ်း) B.E (Chemical), D.S.T.A
လက်ထောက်အင်ဂျင်နီယာ၊ အမှတ်(၂)သကြားစက်(တောင်စဉ်အေး)
မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့်
စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဦးမောင်မောင် (ဝပ်ရှော့ဆရာကြီး)-ဒေါ်ကြည်ကြည်မြ
တို့၏ သမီးကြီး
မဇင်မို့မို့ခိုင် B.Sc (Botany)

တို့၏ ၅-၂-၂၀၀၉ ရက်တွင် စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ၌ကျင်းပသော မင်္ဂလာဆည်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်အာကာထွန်း(ငြိမ်း)-မဇင်မို့မို့ခိုင်။

လူပျောက်ကြော်ငြာ

အထက်ပါ ဖော်ပြပါဓာတ်ပုံရှင် စိတ်ဝေဒနာသည် မရွှေစိန်သည် ၁၁-၂-၂၀၀၉ရက် မွန်းလွဲ၂နာရီ ဝန်းကျင်ခန့်တွင် ရန်ကုန်မြို့ သမိုင်းဘူတာဈေး မှတ်တိုင်အနီးတွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖြားယောင်းသွေးဆောင်ထားသူအား တရားဥပဒေအရ အရေးယူမည်။ **ဆက်သွယ်ရန်-**
ဖုန်း-၀၁-၆၈၅၈၄၉၊ ၀၁-၆၈၆၅၇၂၊ ၀၉-၅၀-၀၇၇၂၈။

တချို့က ပြောတယ်
နှုတ်တစ်ရာ စာတစ်လုံးတဲ့
ချစ်သူကို ချစ်တဲ့ အကြောင်းတွေ
စကားအများကြီး မပြောဘဲ
ရင်ထဲပျော်သွားအောင်
စကားလုံးတစ်ခုတည်းနဲ့
လက်ဆောင်ပေးရင်း
ပြောချင်ရင်
JASMINE PHYU မှာ
ရှိတယ်နော်
February 14 မတိုင်ခင်
လက်ဆောင်ပေးရင်း
ရင်ခုန်ကြည့်ပါလား...

အမှတ် ၅၆/အေ၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့
ဖုန်း-၉၅-၁-၆၆၁၇၆၂။

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ် ၁၉စင်းနှင့် အင်ဂျင်(၁)စုံအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြစ်ကြီးနား ၁၃-၂-၂၀၀၉			
၁	သစ်ခိုးလှေ	၃၅×၆×၂.၅	ရီလင့်အင်ဂျင်၊ မြင်း-၂၅
၂	သစ်ခိုးလှေ	၇၀×၂၀×၆.၅	တရုတ်နီအင်ဂျင်၊ မြင်း-၂၅(၂)လုံး/ (၂၂)(၁)လုံး
မော်လမြိုင် ၁၃-၂-၂၀၀၉			
၁	ကျော်နိုင်-၂(သစ်ခိုးလှေ)	၅၀×၁၁×၄	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၈၀
မြိတ် ၁၃-၂-၂၀၀၉			
၁	အောင်ဆုပန်(ငါးကဲ့လှေ)	၇၀.၈×၁၃.၄×၅.၁	ဟီးနိုး(၆)လုံးထိုးအင်ဂျင်၊ အိပ်ချ်အို(၇-စီ)၊ မြင်း-၁၃၅
၂	သစ်မှောင်ခိုလှေ	၄၂×၇×၄	တရုတ်နီအင်ဂျင်၊ မြင်း-၈/၁၀(၁)လုံး၊ မြင်း-၅/၆(၁)လုံး
၃	ငွေပင်လယ်-၁၀၂(ဝါးလတ်လှေ)	၆၀×၁၄×၆	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၂၅၀
၄	ငွေပင်လယ်-၁၀၆(ဝါးလတ်လှေ)	၆၅×၁၄×၆	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၃၅၀
ကော့သောင်း ၁၆-၂-၂၀၀၉			
၁	ငါးဖိုးခွဲလှေ	၃၉.၅×၇.၆×၃.၃	မစ်ဆူဘီရှီအင်ဂျင်(၄)လုံးထိုး၊ မြင်း-၉၀
၂	ဂုံးခရုတရွတ်ဆွဲလှေ	၅၁×၁၂×၅	မစ်ဆူဘီရှီအင်ဂျင်(၄)လုံးထိုး၊ မြင်း-၈၅
၃	ဂုံးခရုတရွတ်ဆွဲလှေ	၅၀×၁၃×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၁၈၀
၄	အောင်ပြည့်စုံ(ငါးကဲ့လှေ)	၄၆×၉×၅	မစ်ဆူဘီရှီ 4DR5 အင်ဂျင်(၄)လုံးထိုး၊ မြင်း-၉၀
၅	ရွှေပြည့်စုံ(ငါးကဲ့လှေ)	၄၉×၁၁.၃×၅.၉	နီဆန်းအင်ဂျင်(၆)လုံးထိုး၊ မြင်း-၁၆၅
ရန်ကုန် ၁၆-၂-၂၀၀၉			
၁	ဆီမှောင်ခိုလှေ	၄၀×၁၃×၆	မစ်ဆူဘီရှီအင်ဂျင်(၄)လုံးထိုး၊ မြင်းဖတ်မရ
၂	ဆီမှောင်ခိုလှေ	၄၀×၁၃×၆	မစ်ဆူဘီရှီအင်ဂျင်(၄)လုံးထိုး၊ မြင်းဖတ်မရ
ကျောက်ဖြူ ၁၆-၂-၂၀၀၉			
၁	နွားမှောင်ခိုလှေ	၆၀×၁၄×၆	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၁၈၀
၂	နွားမှောင်ခိုလှေ	၅၀×၁၅×၄	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၂၄၀
၃	နွားမှောင်ခိုလှေ	၁၉.၅×၁၀.၅×၂.၅	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၈
၄	အင်ဂျင်(၁)စုံ		ချန်ရှိုင်းအင်ဂျင်၊ မြင်း-၂၅(မရိန်းဂီယာဘောက်စ်တွဲလျက်)
မုံရွာ ၁၆-၂-၂၀၀၉			
၁	ဇော်လမင်း (နွားမှောင်ခိုလှေ)	၁၀၁×၂၂.၁×၅.၁၁	ချန်ဒန်း၊ မြင်း၂၈(၁)လုံး ချန်ဖာ၊ မြင်း၃၀(၁)လုံး၊ ချန်ချာရီ မြင်း-၂၈(၁)လုံး
၂	ကျော်ဇေယျ (နွားမှောင်ခိုလှေ)	၁၀၀×၂၂×၅.၆	ချန်ဖာ၊ မြင်း၃၂(၁)လုံး၊ 4100QB အင်ဂျင်၊ မြင်း-၂၆(၁)လုံး

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြစ်ကြီးနားဒေသ	-	ဖုန်း-၀၇၄-၄၀၀၆၃၊ ၀၇၄-၄၀၀၆၈
မော်လမြိုင်ဒေသ	-	ဖုန်း-၀၅၇-၃၆၀၃၃၊ ၀၅၇-၃၆၀၅၃
မြိတ်ဒေသ	-	ဖုန်း-၀၅၉-၄၁၈၀၃၊ ၀၅၇-၄၀၀၆၉၊ ၀၅၇-၄၀၀၆၈
ရန်ကုန်ဒေသ	-	ဖုန်း-၀၅၁-၂၅၉၅၃၊ ၀၅၁-၂၅၉၃၈
ကျောက်ဖြူဒေသ	-	ဖုန်း-၀၄၂-၃၃၀၂၁၊ ၀၄၂-၃၃၀၂၅
မုံရွာဒေသ	-	ဖုန်း-၀၇၃-၃၂၃၃၇၊ ၀၇၃-၃၂၃၄၃
ကော့သောင်းဒေသ	-	ဖုန်း-၀၅၉-၅၁၆၆၁

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးတင်လတ် (ကချင်ပြည်နယ်ဦးစီးမှူး၊တရားရေးဌာန၊ငြိမ်း)-
(ဒေါ်ကြည်ကြည်ခင်)တို့၏ မြေး၊
ဗိုလ်မှူးကြီးအောင်ဇော်ဝင်း(တပ်မတော်-ရေ)-ဒေါ်စပယ်လတ်တို့၏တူ၊
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
(၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ် ၄၇၇ နေ
ဦးလှရွှေ (ဒု-ညွှန်ကြားရေးမှူး၊ငြိမ်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ထွေ/အုပ်)-
ဒေါ်အေးအေးလတ်တို့၏သားငယ်

မောင်နေမျိုးလတ်(ခ) Bryan
(Diploma in Building Technology)
Photo Manager Super Star Libra
Trans. Ocean Photo, Inc (New York) U.S.A

နှင့်

ပြည်မြို့၊ ဆင်ကမ္ဘာပွဲရုံ (ဦးကျော်ခင်-ဒေါ်ပုလေး)တို့၏မြေး၊
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ တိုက်အမှတ် ၂၂၁က/၄လွှာနေ
ဒေါ်မြင့်မြင့် (ဒု-အထွေထွေမန်နေဂျာ၊ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)
(ဦးတင်ထွဋ်-ဒေါ်ခင်အေးစန်း)တို့၏တစ်ဦးတည်းသောသမီး

မခင်စုစုကျော် (ခ) ဖြူဖွေး
M.Sc (Physics), LCCI - III
(Diploma in Building Technology)

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူညီချက်အရ ၅-၂-၂၀၀၉ရက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီး ပြည်မြို့ ထျန့်ဟိုကုန်းမင်္ဂလာခန်းမ၌ ၇-၂-၂၀၀၉ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေမျိုးလတ်-မခင်စုစုကျော်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်
သန်းသန်းန ကိုးကားတင်ပြသည်

ညအပူချိန် လွိုင်လင်တွင် ၁ ဒီဂရီစင်တီဂရိတ်ရှိပြီး လားရှိုး၊ တောင်ကြီး၊ နမ့်စန်တို့၌ ၄ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဖေဖော်ဝါရီ၁၂ရက် (ယနေ့)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့နှင့်အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်တိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ရှိသည်။ ရှမ်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့၊ တောင်ကြီးမြို့နှင့် နမ့်စန်မြို့တို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်းဖော် ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပြည်ထောင်စုနေ့ဂုဏ်ပြု မူလတန်းကြို ကစားနည်းစုံပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲ

တောင်ကြီး ဖေဖော်ဝါရီ ၁၁

တောင်ကြီးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း ကော်မတီက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကစားနည်း (၁၇)မျိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ပညာရေးကောလိပ် ပင်မဆောင်ရှေ့၊ ပညာရတနာခန်းမတို့၌ကျင်းပရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်မူမူ တက်ရောက်၍ ပြိုင်ပွဲဆုရကလေးများအား ဆုချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲနှင့် ဆုပေးပွဲတွင် ပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ကာယဌာန၊ လေ့ကျင့်ရေးအလက အားကစားအဖွဲ့၊ မူကြိုဆရာမများ၊ မူလတန်းကြို မိဘများနှင့် ရင်သွေးငယ်များ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ညောင်လေးပင်မြို့နယ် အလယ်ရွာ သစ်သားတံတားဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၂

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အလယ်ရွာ ကျေးလက်သစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

သွားလာနိုင်

အဆိုပါတံတားသည် အရှည် ပေ၅၀၊ အကျယ် ၁၂ပေ၊အမြင့်၁၂ပေရှိပြီးအဖွဲ့ ရန်ပုံငွေကျပ်၁၂၆၅၀၀၀၀ဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာလေးရွာ လူဦးရေ ၅၅၀၀ တို့ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရမည်းသင်းခရိုင်ပြန်/ဆက်ရုံးဝန်ထမ်းများ တွေ့ဆုံဆွေးနွေး

ရမည်းသင်း ဇန်နဝါရီ ၂၀

မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းသည် ဇန်နဝါရီ၂ရက် ညနေ၄နာရီခွဲက ရမည်းသင်း ခရိုင်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ကျင်းပသည်။

ကျင့်ဝတ်

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်သန်းထွန်းက ဝန်ထမ်းကျင့်ဝတ်လိုက်နာရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာအောင်ဆောင်ရွက်ရေး၊ ၂၀၀၈-၂၀၀၉ခုနှစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းတာဝန်များအကောင်အထည်ဖော်ရေးကို မှာကြားပြီး**(ယာပုံ)** ခရိုင်ဦးစီးအရာရှိ ဦးချိမောင်က ခိုင်မာစာကြည့်တိုက် အကောင်အထည်ဖော်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များ တင်ပြသည်။

မှာကြား

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းသည် ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ကျေးရွာ ဦးသန်းထွန်း၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိ၍ လိုအပ်ချက်များ မှာကြားပြီး ပျော်ဘွယ်မြို့နယ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရန် မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့၌ ပညာရေးစုံညီပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

သီပေါ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက်၉နာရီက အခြေခံပညာအထက်တန်းကျောင်းအဝင်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် အခြေခံပညာကျောင်းများမှ စာပေထူးချွန်ဆု၊ ဘက်စုံထူးချွန်ဆု၊ ပညာရေးဌာန ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ခဲ့သည့် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝ၂ဝ)

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ချောက်ကောက် ရပ်ကွက်ရှိ ဦးဥတ္တမလမ်းနှင့် မေပိုးဝါလမ်းအား တစ်ဆက်တစ်စပ်တည်းဖြစ်အောင် အမှုဆောင်အရာရှိ ဦးလှဖော်ဖံနှင့်အဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လု

ဒိုက်ဦး ဇန်နဝါရီ ၂၅

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ရက်က စတင်ကျင်းပ၍ ဗိုလ်လု ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃၁ရက်ကမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အားပေး

အခမ်းအနားသို့ ဒိုက်ဦးမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အား/ကာ ဦးစီးအရာရှိ ဦးဇော်ဇော်ထွဋ်နှင့် မြို့နယ် အား/ကာ ကော်မတီဝင်များ တက်ရောက်အားပေးကြသည်။

ချီးမြှင့်

ပြိုင်ပွဲတွင် ကျေးရွာဘောလုံးအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲ၌ ဖအောင်းစု ကျေးရွာဘောလုံးအသင်းက ရွှေအင်တုံ ကျေးရွာဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပထမရရှိသော ဖအောင်းစုကျေးရွာဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက တံခွန် စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်တစ်သိန်း ချီးမြှင့်သည်။ **(အောက်ပုံ)**

(မြို့နယ် အား/ကာ)

ကွမ်းလုံမြို့၌ ကာကွယ်ဆေး တိုက်ကျွေး

ကွမ်းလုံ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ၂၀၀၉ခုနှစ် ပထမအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ၃ရက်တွင်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ပူးပေါင်း၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ နမ့်ဟူးကျန်းမာရေးဌာနနှင့် ကန်မိန်း ကျန်းမာရေးဌာနများသို့ သွားရောက်၍ ငါးနှစ်အောက်ကလေးငယ် ၉၈၆၂ ဦးတို့ကို ပိုလီယို ကာကွယ်ဆေး တိုက်ကျွေး ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၄ရက်က ကြို့ပင်ကောက်မြို့မ ဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ ဈေးမိဈေးဖများ၊ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၆

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့ ဈေးကြိုအဝေးပြေး ကားဂိတ်ဝင်းရှိခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က မော်လမြိုင်မြို့နယ်(ယာဉ်ထိန်း) စစ်ဆေးရေးတာဝန်ခံဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောသည်။ (အပေါ်ပုံ)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားသို့ မော်လမြိုင်မြို့နယ်ရှိ မော်တော်ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ဆိုင်ကယ်မောင်းနှင်သူများနှင့် ပြည်သူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြသည်။

ဟောပြောပွဲ

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်နှင့် မွန်ပြည်နယ်တစ်ခွင်တွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို တစ်ပတ်နှစ်ကြိမ်ဆက်တိုက် ကျင်းပလျက်ရှိသည်။ (ဝ၁၄)

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဝေါမြို့၌ကျင်းပ

ဝေါ ဇန်နဝါရီ ၂၅

ဝေါမြို့နယ်အသင်း (ရန်ကုန်)နှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့တို့၏ ဒုတိယအကြိမ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ပထမအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက်က ဝေါမြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ ဝေါမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က အမှာစကားပြောကြားပြီး၂၀၀၇-၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် သင်ကြားပြသပေးကြသည့် ဆရာ၊ ဆရာမများအား ဆုများချီးမြှင့်ပေးအပ်သည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ မောင်ချစ် (သူရဲသမိန်)၊ချစ်နိုင်(စိတ်ပညာ)နှင့်မောင်မောင်ဦး (သန်လျင်)တို့က စာပေရေးရာများကို အသီးသီး ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနိုင်ရေး ပြင်ဦးလွင်တွင် စည်းဝေး

ပြင်ဦးလွင် ဇန်နဝါရီ ၂၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ၂၀၀၉ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အပြန်အလှန်ညှိနှိုင်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်ဒု-ဦးစီးမှူး ဦးသက်နိုင်အောင်နှင့် ခရိုင်ပညာရေးမှူး ဦးမြဝင်းမောင်တို့က မေးခွန်းလွှာထုပ်များ အဆင့်ဆင့်သယ်ယူဖြန့်ချိထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လုံခြုံရေး၊ စာစစ်ဌာနအသီးသီးတို့၌ စာမေးပွဲများချောမောစွာ ကျင်းပနိုင်ရန် လိုအပ်သည့် လုံခြုံမှုများပြုလုပ်ရေး၊ မြို့နယ်အတွင်းရှိ စာစစ်ဌာနများ၏ အခြေအနေနှင့် မသမာမှုများ မပေါ်ပေါက်ရန် ကြီးကြပ်ကွပ်ကဲရေး၊ စာစစ်ဌာနအသီးသီးတို့မှ ဖြေဆိုပြီးသည့် အဖြေလွှာစာအုပ်များကို လုံခြုံထိန်းသိမ်းထားရှိရေးနှင့် အဖြေလွှာများ သက်ဆိုင်ရာများသို့ လုံခြုံစွာ ပို့ဆောင်ရေးအတွက် အပြန်အလှန် ညှိနှိုင်းကြကြောင်း သိရသည်။ (ဝဂဂ)

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့မြစ်ရေတင်လုပ်ငန်း ရေစစ်ကန်တူးဖော်နေမှုကို ဇန်နဝါရီ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

သထုံ ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သထုံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီက ကျင်းပသည့် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက်၁၀နာရီက မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်ရွှေ(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက (၇၅)နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးငွေနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်း)

ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ပင်လည်ဘူး၌ဖွင့်

ပင်လည်ဘူး ဇန်နဝါရီ ၂၅

ကသာခရိုင် ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် ည ၇နာရီခွဲက မံစီလေးကျေးရွာ ရေအားလျှပ်စစ်စက်ရုံရှေ့ မြက်ခင်းပြင်တွင် ကျင်းပသည်။

ချီးမြှင့်

မံစီလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံမုခ်ဦးကို ကသာခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖြန့်ဝေ

ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်စက်ရုံက မြင်းကောင်ရေ ၄၂ကောင်၊ ထုတ်လုပ်မီးအားကီလိုဝပ် ၃၀ ထုတ်လွှတ်ပေးနိုင်ပြီး အိမ်ခြေ ၂၉၃အိမ်သို့ ဓာတ်အားဖြန့်ဝေပေးလျက်ရှိသည်။

ဆောက်လုပ်

ယင်းတာဘိုင်မှရေအားလျှပ်စစ်ထုတ်ယူနိုင်သည့်ပြင် လယ်ဧက ၁၄၂ဧကသို့ ရေဖြန့်ဝေပေးနိုင်လျက် ရှိသည်။

မံစီလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံကို ငွေကျပ်သိန်း ၁၄၀ ကျော်ဖြင့် ကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ပြင်အလုပ်ရုံ၌ ယာဉ်၊ ယန္တရားများ ပြင်ဆင်ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၃ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောင်ချိုမြို့ သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်

နောင်ချို ဖေဖော်ဝါရီ ၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၅၉၁၀၀၀ အကုန်အကျခံ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၂၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၅ရပ်ကွက် ပြည်ထောင်စုလမ်းနေ ဦးသက်မြင့် (Former 2nd Watchkeeping Officer)**(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၆ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၂၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လက်တွေ့သရုပ်ပြ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ် ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးတင်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်တင်တင်အေးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမ နှစ်ပတ်လည်အစည်းအဝေး ကနီ၌ကျင်းပ

ကနီ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်း ကနီမြို့နယ် နန္ဒာသူရ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၀၇-၂၀၀၈ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀ နာရီက အမက(၂) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်မြဆွေက အသင်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသင်းအမှုဆောင်အသစ်သုံးဦး ရွေးချယ်ပြီး အသင်းသား မိသားစုမှ ထူးချွန်ကျောင်းသားကျောင်းသူ လေးဦးအား ပညာရည်ချွန်ဆုများ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြောင်မြို့ အထက၌ ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

မြောင် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်း မြောင်မြို့နယ်ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀ နာရီက မြောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှဌေးက အမျိုးသားပညာရည် မြင့်မားရေးအကြောင်းကိုဟောပြောသည်။ ဆက်လက်၍ အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့် အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ပညာရည်ချွန်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်စခန်း မီးသတ်ယာဉ်နှင့် စက်များကြံ့ခိုင်မှုစစ်ဆေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၃

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးကြည်မြင့်လိုက်ပါ၍ ဇန်နဝါရီ ၂၉ရက် မွန်းတည့် ၁၂နာရီက မော်လမြိုင်ကျွန်းမြို့ မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်၊စက်များကြံ့ခိုင်မှုနှင့် ဝန်ထမ်း နေအိမ်လိုင်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ဆောင်ရွက်

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မီးသတ်ယာဉ်၊ စက်များ အစဉ်ကြံ့ခိုင်ကောင်းမွန်ရေးနှင့် မီးဘေးသတိပြုရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အချိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ (၁၄၂)

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဘုတလက်တန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၇၄)

ယင်းမာပင်မြို့၌ နွေစပါးစီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေး

ယင်းမာပင် ဖေဖော်ဝါရီ ၁

မုံရွာခရိုင် ယင်းမာပင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၃ရက်က ညောင်ပင်ကြီးစုကျေးရွာ၊ မင်းကံကြီးကျေးရွာ၊ လည်ပေါက်ကျေးရွာများရှိ ဆည်ရေသောက် လက်တံအမှတ် (၆)၊ အမှတ် (၈)နှင့်၊ အမှတ် (၉) များမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာနွေစပါး စီမံကိန်း လျာထားချက် ပြည့်မီကျော်လွန်ရေး၊ တစ်ဧကတင်း၁၂၀ထွက်ရှိရေး၊ပျိုးထောင်စနစ် စိုက်ပျိုးရေး၊ ဆည်ရေရရှိရေးတို့အတွက် ဌာနဆိုင်ရာများက ကဏ္ဍများအလိုက် အသီးသီးဆွေးနွေး ညှိနှိုင်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က တောင်သူများ၏ တင်ပြချက်များအပေါ် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ပထမအကြိမ် (၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က ပေါင်မြို့ ပြည်သူ့ဆေးရုံ ခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြစဉ်။ (၁၇၆)

တူမကိုသတ်ပြီး မိလ္လာကန်အတွင်း ပစ်ချခဲ့သည့်ဦးလေးတော်သူကို ဖျာပုံမြို့နယ်၌ ဖမ်းဆီးရမိ

မှုခင်း သတင်း

ဖျာပုံ ဖေဖော်ဝါရီ ၈

ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာတွင် ဦးလေးဖြစ်သူက (၁၃)နှစ်အရွယ် တူမဖြစ်သူအား လည်ပင်းညှစ်သတ်မှုဖြစ်ပွားခဲ့ရာ အလောင်းတွေ့ရှိပြီး နှစ်နာရီအတွင်း ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူ၏ကြီးကြပ်မှုဖြင့်ကျုံက ဒွန်းရဲစခန်းမှူးရဲအုပ်စိုးလှအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက တရားခံကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၈ရက် နံနက် ၁၁နာရီခန့်တွင် ကျုံကဒွန်းရဲစခန်းမှူး ရဲအုပ်စိုးလှအောင် ရဲစခန်း၌ရှိနေစဉ် သမိန်ထောကုန်းတန်းကျေးရွာ ဥက္ကဋ္ဌ ဦးနေဝင်းက ၎င်းရွာနေ ဦးအောင်စိုး၏သမီး မဖြူဖြူစိုး (၁၃)နှစ် ပျောက်ဆုံးနေကြောင်း အကြောင်းကြားချက်အရ ဒုရဲအုပ်သိန်းဦးနှင့်အဖွဲ့အား စေလွှတ်၍ လိုက်လံရှာဖွေစေခဲ့ရာ အဝတ်အစားများအား သမိန်ထောကုန်းတန်းကျေးရွာ သီရိမင်္ဂလာတိုက်သစ် (ကျောင်းကလေး)ကျောင်းအနောက်ဘက် ပေ ၁၀၀ခန့် အကွာအဝေးရှိ ချောင်းရိုးအတွင်းတွင် တွေ့ရှိပြီး ဆက်လက်ရှာဖွေကြရာ သမိန်ထောကုန်းတန်း ကျေးရွာ သီရိမင်္ဂလာတိုက်သစ် (ကျောင်းကလေး)ကျောင်းအတွင်းရှိ မိလ္လာကန်အတွင်း မဖြူဖြူစိုး၏ အလောင်းကို လည်ပင်းတွင် ညှိမည်းဒဏ်ရာဖြင့် တွေ့ရသည်။

မဖြူဖြူစိုးအား သတ်သွားသူကို အရေးယူပေးပါရန် အမှုဖွင့် တိုင်ကြားခဲ့ရာ ဖျာပုံမြို့နယ် ကျုံကဒွန်း ရဲစခန်းက (ပ)၈/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂အရ အမှုဖွင့်ပြီး ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူ၏ ကြီးကြပ်မှုဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ နှစ်နာရီအတွင်း လူသတ်တရားခံဖြစ်သော ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာ ကျောင်းမြောက်ပိုင်းရပ်ကွက်နေ ဇော်ဇော် (၂၅)နှစ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တရားခံမှာ သေဆုံးသူ မဖြူဖြူစိုး၏ ဦးလေးတော်သူဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ (၁၃၈)

ကော့မှူးမြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကော့မှူး ဇန်နဝါရီ ၃၀

ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးနှင့် စာကြည့်တိုက် အလှူရှင် ဦးဝင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ဦးစီး အရာရှိ ဦးစန်းလွင်ဦးက စာကြည့်တိုက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်သို့ ဦးတင်လှ-ဒေါ်ကျင်စိန်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးလှရွှေ- ဒေါ်ဝင်းမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးမျိုးညွန့်- ဒေါ်စန်းစန်းဦး မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးကျော်မင်းထိုက်၊ ဒေါ်သိန်းသိန်းမိသားစုနှင့် ဦးမျိုးမြင့်၊ ဒေါ်လဲ့လဲ့ဝင်းမိသားစုတို့က ငွေကျပ် ၂၀၀၀၀စီ၊ ခရိုင်ဦးစီးအရာရှိက သုတရသစာအုပ် ၂၅အုပ် ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၂၀၀၊ ဦးစည်သူထွန်းက စာအုပ်မျိုးစုံ အုပ် ၅၀နှင့် နတ်စင်ကုန်းစံပြကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက်က မဂ္ဂဇင်း ၆၅ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ယူကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့ မြင်ကွန်း- ရှားစောင်းကန်ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်စာပေ လှူမိတ်ဆွေ

ဆန်စက်ရောင်းမည်

တန် (၂၀)ကျ
အဆောက်အအုံနှင့် စက်ပစ္စည်းအစုံ
တန်ဖိုး ကျပ်သိန်း ၁၇၀
စုံစမ်းရန် ဖုန်း-၀၁-၃၇၈၁၇၆၊ ၀၉-၈၅-၉၈၂၉၇။

အမည်ပြောင်း

အဖ ဦးခင်မောင်မြ၏ သား အထက (၂) နေပြည်တော်တပ်ကုန်း သတ္တမတန်း(C)မှ မောင်ကောင်းသန့်အား မောင်ဝေဖြိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေဖြိုးအောင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်ဝင်း ၁၂/လမန (နိုင်)၁၁၉၅၂၁၏ သန်းခေါင်စာရင်းမူရင်း မအေးရွာဘီဘီ ၁၂/လမန(နိုင်) ၁၂၇၄၅၄၊ မောင်ကျော်စွာဝင်း ၁၂/မဂတ(နိုင်)၀၈၈၉၆၅တို့၏ မှတ်ပုံတင်မူရင်းတို့သည် ၆-၂-၂၀၀၉ ရက်က တက္ကစီကားပေါ်တွင် ကျန်ရစ်ခဲ့ပါသည်။ တွေ့ရှိပါက ဆက်သွယ်ပေးပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဦးတင်ဝင်း၊
ဖုန်း-၀၉-၉၉-၇၁၆၁၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၇၄၇၆ Loujia 110 M/C ယာဉ်လက်ဝယ်ရှိသူ PACT Myanmar(၁၇၆၊ ဈေးလမ်း၊ ဆားစည့်ရပ်၊ မကွေးမြို့)က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူ စေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၀၄၃၊ မြေကွက်တည်နေရာအမှတ်(၁၀၄၃)၊ ဘိုးရာဇာလမ်း ၃၅ရပ်ကွက် ဒဂုံမြောက်ပိုင်း ဦးတင်မောင်ဟိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်ဟိန်း ကွယ်လွန်သဖြင့် ဒေါ်ချိုမာဝင်း ၁၂/ဗဟန(နိုင်) ၀၂၅၈၆၅ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F၁၁ ၊ မြေကွက်အမှတ် V ၂၁၀(က)၊ မြေကွက်တည်နေရာ အမှတ်(၉) နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် (ဒေါ်ခင်နှစ်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နှစ်(အပျိုကြီး) ဘ၀ဖြင့် ကွယ်လွန်သဖြင့် ကိုတ္တိမမွေးစားစာချုပ်အမှတ် (၃၂၂၇/၂၀၀၈)ဖြင့် မွေးစားခံရသူ ဒေါ်ဥမ္မာလှိုင် ၁၂/ကမတ(နိုင်) ၀၃၁၉၂၃ က ကိတ္တိမမွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့နယ်၊ ကြာကန်အုပ်စု၊ ကြူချောင်းကျေးရွာနေ ဦးဖိုးနီ-ဒေါ်လှစောတို့၏သမီး မမြမြဝင်း ၈/မကန(နိုင်)၁၅၇၀၀၃ သည် မိဘ၏ ဆိုဆုံးမမှုကို လုံးဝမနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။

ဦးဖိုးနီ ၈/မကန(နိုင်)၁၅၆၉၉၃
ဒေါ်လှစော MTT-၀၄၈၂၀၅

သွာနုတ္တသားဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်ဦးသာဒိုး၏ သားဖြစ်သူ ဦးကျော်သိန်း မှတ်ပုံတင်အမှတ် တီကေအေ-၀၂၃၀၈၃ သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား မနာယူသည့်အပြင် ဖခင်ဖြစ်သူအပေါ် ခွင့်မလွှတ်နိုင်အောင် ပြုမူပါသောကြောင့် သွာနုတ္တသားဖြစ်ကြောင်းနှင့် ၎င်းအား ကျွန်ုပ်မှလွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်)**

ဦးသာဒိုး ၁၂/သကတ(နိုင်)၀၀၇၂၆၉
အမှတ် ၁၉၂/ခ၊ သီဂီ(၄) လမ်းထောင့်
၅-ရပ်ကွက်၊ သာကေတမြို့နယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Royal Myanmar Golf Range ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်ဟိုတယ်ဇုန်ရှိ **Royal Myanmar Golf Range** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Royal Myanmar Golf Range ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထူးထုတ် အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၉ခုနှစ် (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။

မြန်မာ့အလင်း

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

➢ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်

ကိုချိုစံ၏ ကဗျာ စာ - ၁၀

➢ ပြည်ထောင်စု၏ ချစ်တေးသံ

ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ အထူးထုတ် (စာ - ဃ)

➢ တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

စာ - ၇

➢ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ပါစေသော်

လှိုင်အောင်၏ဆောင်းပါး အထူးထုတ် (စာ - ဃ၊ ခ၊ ဂ)

လယ်မြေဧက ၂၆၀၀ အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်တူမြို့နယ်မှ မုံးရင်ရေလှောင်တမံ

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ကျေးလက်နေပြည်သူများ၏ ပင်မစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ●

12-2 (20).pmd 1 2/12/2009, 2:31 AM